# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက် ဖူးမြော်ကြည်ညိုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီး ကျောင်းများ၌ ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလ ပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့်

*စာမျက်နှာ ၅ ကော်လံ ၁* ✻



ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

# လှိုင်းဘွဲမြို့နယ် ဖောင်တော်ဦးစခန်း၌ မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ)စုပေါင်းစိုက်ပျိုး

**ဘားအံ ဇူလိုင် ၂၁**

ကရင်ပြည်နယ်အတွင်း ကော်ဖီစိုက်ပျိုးဧက ၁၀၀၂၉ ဧကမှ ကော်ဖီအစေ့အဆန်တန်ချိန် ၂၁၂၂၉ ဒသမ ၆ တန်ခန့်ထွက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှုပမာဏအရ ရောင်းဝယ်မှုအများဆုံးစာရင်းတွင်ပါဝင်သော ဈေးကွက်ဝယ်လိုအားကောင်းသည့် ကော်ဖီသီးနှံကို ယခုနှစ်တွင် ကရင်ပြည်နယ်၌ ဧက ၁၀၀၀ တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် တာပေါင်ကျေးရွာအုပ်စု ကျောက်တောင်ကျေးရွာ ဖောင်တော်ဦးစခန်း၌ မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ)ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

"ကော်ဖီသီးနှံသည် တန်ဖိုးမြင့်သီးနှံတစ်မျိုးဖြစ်ပြီး ကမ္ဘာ့လူသန်းပေါင်းများစွာက နေ့စဉ်ကြိုက်နှစ်သက်စွာ သောက်သုံးလျက်ရှိသကဲ့သို့ ကမ္ဘာ့ကုန်သွယ်မှုကဏ္ဍတွင် နိုင်ငံခြားငွေရရှိသည့် အရေးပါသောကုန်စည်တစ်ခုဖြစ်ကြောင်း၊ ကရင်ပြည်နယ်သည် အထူးတန်းဝင်ကော်ဖီထုတ်လုပ်ရန် သင့်လျော်သည့် ဒေသဖြစ်သည့်အတွက် နိုင်ငံခြားဝင်ငွေ

*စာမျက်နှာ ၄ ကော်လံ ၁* ◆


**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း | စာ ၃

**ပြည်တွင်းပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲကျင်းပ**
ပြည်တွင်းသတင်း | စာ ၆

**ဒီမိုကရေစီစံနှုန်းများ တဖြည်းဖြည်းလျော့ပါးလာသော အမေရိက**
ဆောင်းပါး | စာ ၁၆

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ပြပွဲဆိုင်ရာ ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများ တက်ရောက်ရန် ကူမင်းမြို့သို့ ထွက်ခွာ

**မန္တလေး ဇူလိုင် ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ၊ (၂၈)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/ သွင်းကုန်ပြပွဲနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ရန် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် မန္တလေးမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ခေတ္တကောင်စစ်ဝန်ချုပ် မစ္စတာ ကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

**ပူးတွဲကျင်းပခြင်းဖြစ်**

အဆိုပါ ကုန်စည်ပြပွဲနှင့် ပို့ကုန်/သွင်းကုန်ပြပွဲများကို "စည်းလုံးညီညွတ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ်၊ ပြည်သူ့အစိုးရတို့ ပူးတွဲကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် မန္တလေးမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ခေတ္တကောင်စစ်ဝန်ချုပ် မစ္စတာ ကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးကြိုတင်ကာကွယ်နိုင်ရေးနှင့် ရေလှောင်တမံများ၊ တာများ၊ ရေထိန်းတံခါး ကြံ့ခိုင်မှုအခြေအနေ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၁**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးရှိ မမြရေလှောင်တမံစီမံကိန်းနှင့် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလှောင်တမံစီမံကိန်းတို့၏ ဆည်ရေသောက်ဧရိယာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက မမြရေလှောင်တမံစီမံကိန်း ဆည်ရေသောက်စနစ်ရှိ စိစစ်ပြီး ၈၃၆၉ ဧကမှ နွေစပါးဧက ၅၂၀၀ ကျော်နှင့် အခြားသီးနှံဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးခဲ့မှု၊ ကညင်ရေလှောင်တမံ ရေသောက်စနစ်ရှိ စိစစ်ပြီး ၁၈၄၆၂ ဧကမှ နွေစပါးဧက ၁၂၀၀၀ ကျော်နှင့် အခြားသီးနှံစိုက်ပျိုးဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးခဲ့မှု၊ ရေလှောင်တမံများ ဘေးကင်းလုံခြုံမှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ စက်ယန္တရားရရှိအသုံးပြုမှု၊ နှစ်အလိုက် ဝင်ရေစုဆောင်းနိုင်မှုနှင့် စိုက်ပျိုးရေအကျိုးပြုနိုင်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေး သီးနှံပုံစံများရေးဆွဲ၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ညောင်တုန်းမြို့နယ်ရှိ ဧရိယာ ၆၇၃၃၄ ဧကကို ရေဘေးကာကွယ်ပေးသည့် အလျားတာမိုင် ၃၂ မိုင် ရှိ ညောင်တုန်းကျွန်းတာနှင့် မအူပင်မြို့နယ်ရှိ ဧရိယာ ၃၇၈၈၇ ဧကကို ရေဘေးကာကွယ်ထားရှိသည့် တာမိုင် ၂ မိုင် ၇ ဖာလုံရှိ နတ်ပေးရေကင်းစခန်းကိုလည်းကောင်း၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်းထိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ညောင်တုန်းကမ်းဘက်တာ(စည်ပင်တာ) ပေတိုင် ၁၁၄၀၀ ပေရှိ တာတမံရေစိမ့်ထွက်မှုအတွက် ကာကွယ်ထားရှိမှုကိုလည်းကောင်း၊ အရေးပေါ်ပစ္စည်းများ စုဆောင်းထားရှိမှု၊ တာတမံလုပ်သားများခန့်အပ်ထားရှိမှုနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သော ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်-ပုသိမ်ကားလမ်းပေါ်ရှိ မဲဇလီရေထိန်းတံခါး(၂)သို့ ရောက်ရှိပြီး မိုးရာသီတွင် ပန်းလှိုင်မြစ်အတွင်းသို့ သဲနုန်းများဝင်ရောက်မှုကို တားဆီးပေးနိုင်ရေးနှင့် မြစ်ကြောင်းတိမ်ကောမှုကို ကာကွယ်တားဆီးပေးနိုင်ရေး၊ မိုးရာသီရေကြီးနစ်မြုပ်မှုကို လျော့နည်းစေရေးနှင့် နွေရာသီတွင် နွေစပါးဧက ၉၀၀၀ ခန့်ကို ရေချိုအကျိုးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မဲဇလီရေထိန်းတံခါးတည်ဆောက်ပြီးစီးသည့်နှစ်မှစ၍ မိုးရာသီတွင် မြစ်ရေဝင်ရောက်ခြင်းကို ကာကွယ်တားဆီးပေးနိုင်သည့်အတွက် ညောင်တုန်းကျွန်း၊ တက်သစ်ကျွန်း၊ အရွဲကွင်းနှင့် ရွှေမယင်းကွင်းများရှိ မိုးစပါးဧက ၄၀၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်ခဲ့မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၅၄၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၂၂ ရက်မှ ဇူလိုင် ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၄၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ရှာဖွေပေးနိုင်သည့် ကော်ဖီသီးနှံကို ကျယ်ကျယ်ပြန့်ပြန့် နေရာအနှံ့ တိုးချဲ့စိုက်ပျိုးလာနိုင်မှသာ ဈေးကွက်ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အတွက် ပြည်နယ်၏ အနာဂတ်ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း" စုပေါင်းစိုက်ပျိုးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှိုင်းဘွဲ့မြို့နယ် ကဒိကံ၊ ကော့မြတ်ကြီး၊ နောင်ဘိုကြီး၊ ရွာကိုင်းကောင်း၊ ဝင်းဖရကျေးရွာများမှ တောင်သူများအား ကော်ဖီပျိုးပင်များ ဖြန့်ဝေပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တက်ရောက်လာသော တောင်သူများက တောင်သူစောဝင်းနိုင်စိန်၏ သစ်မာပင်စိုက်ခင်း ၂ ဒသမ ၅၀ ဧကတွင် မြေနိမ့်ကော်ဖီ(ရိုဘတ်စတာ)ပျိုးပင် ၁၆၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသခံတောင်သူများ၏ ကော်ဖီပျိုးပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားကာ တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး ရေဘုတ် ရေလှောင်တမံ ရေပြည့်အမှတ်ထက် ရေကျော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းဦးက ရေဘုတ်တမံရေပိုလွှဲမှ ၁ ဒသမ ၄ ပေ ရေကျော်နေမှု၊ မိုးရွာရက်၊ မိုးရေချိန်နှင့် အရေးပေါ်အခြေအနေရောက်ရှိလာပါက တုံ့ပြန်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေဘုတ်ရေလှောင်တမံရေပိုလွှဲမှ ၁ ဒသမ ၄ ပေ ရေကျော်နေမှုအခြေအနေ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရေဘုတ်တူးမြောင်းမကြီး ပေတိုင် ၉၀၀ ရှိ Check Structure နှင့် Canal Side spill Structure နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သော Escape Outfall Channel တို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေပိုလွှဲအနီး တမံဧရိယာများတွင် ကျွန်းပင်များ ထပ်မံစိုက်ပျိုးသွားရန်၊ ရေချိုသယံဇာတများဆုံးရှုံးမှုနည်းပါးစေရန် ရေပိုလွှဲမှ ရေကျော်လေ့ရှိသော ချောင်းများ တူးမြောင်းများတွင် ရေထိန်းရေတံခါးများကို ကွင်းဆင်းတိုင်းတာလေ့လာ၍ တည်ဆောက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနရုံးသို့ ရောက်ရှိပြီး မိုးစပါးစိုက်ပျိုးရန် ဧက ၅၀ စာ ဆင်းသုခ၊ ရောမင်းနှင့် ထိုင်းနံ့ကောက်စပါးမျိုးများ ပျိုးထောင်နေမှုနှင့် လယ်ဝေးမြို့နယ်အတွင်း ဆောင်ရွက်နေသည့် ရန်ကုန် - မန္တလေးလမ်းဟောင်း ကားလမ်းဘေးနှစ်ဖက်၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြား ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စုရှိ အဆင့်မြင့်လယ်ယာမြေဧက ၂၀၀ ရှင်းလင်းဆောင်၌ ကျင်းပသည့် ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးစပါး YSR-1 မျိုးစေ့ထုတ်စိုက်ခင်း ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကွင်းသရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တစ်ဧကအထွက်နှုန်း မြင့်မားပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေများ စနစ်တကျ သုံးစွဲရေး၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရေး၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက် ထည့်သွင်းရေးနှင့် ရိတ်သိမ်းရာတွင် အလေအလွင့် အနည်းဆုံးဖြစ်အောင် ရိတ်သိမ်းနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ စိုက်ပျိုးရေးတောင်သူများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် တောင်သူများနှင့်အတူ သစ်ဆိမ့်ပင်ကျေးရွာ အုပ်စုကွင်းအမှတ် (၁၈၂၃) ၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး YSR-1 မျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧက ၌ လက်ဆွဲကောက်စိုက်စက်၊ ကောက်စိုက်စက်တို့ဖြင့် သရုပ်ပြ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်၌ ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်

**ကျောက်ဆည် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မြေဆီလွှာတိုးတက်ကောင်းမွန်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စပါး၊ ဆီထွက်သီးနှံ၊ ချည်မျှင်ရှည်ဝါ၊ ပိုက်ဆံလျှော် မျိုးစေ့များနှင့် သွင်းအားစုသဘာဝမြေဩဇာများ (အခမဲ့) ပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦးက ကျောက်ဆည်ခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း သီးနှံစိုက်ဧက ၅၈၂၃၈၅ ဧက လျာထားစိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဓိကသီးနှံများဖြစ်သည့် စပါး ၁၄၆၅၇၇ ဧက၊ နေကြာ ၃၄၁၀၈ ဧကနှင့် ဝါ ၃၄၄၂၉ ဧက စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ သီးနှံများ တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး စံပြကွက်၊ စမ်းသပ်ကွက်များ လက်တွေ့ပြသစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က နိုင်ငံတော်မှ အဓိကသီးနှံများဖြစ်သည့် စပါး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံများ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး အတွက်ပံ့ပိုးကူညီလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်အောင်တို့က တောင်သူများအား မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစေ့နှင့် ကွန်ပေါင်း ဓာတ်မြေဩဇာများ၊ နေကြာမျိုးစေ့နှင့် သဘာဝမြေဩဇာများ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့နှင့် ချည်မျှင်ရှည်ဝါ (B -31) မျိုးစေ့များကို ပေးအပ်ခဲ့သည်။ (ဝဲပုံ)

**မောင်ကျော်ကြီး**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီက တက္ကသိုလ်နယ်မြေအတွင်းရှိ သတ်မှတ်နေရာများ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရ ဦးဘိုနီ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီက စိုက်ပျိုးမည့် ပျိုးပင်များကို တက္ကသိုလ်မှ အမှုထမ်း၊ အရာထမ်းကိုယ်စား ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များထံ လည်းကောင်း၊ သင်တန်းအလိုက် ကိုယ်စားလှယ်များထံ လည်းကောင်း ပေးအပ်သည်။ **(အပေါ်ပုံ)**




ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီက ရတနာတန်းဝင် ကျွန်းပင်ကို သတ်မှတ်နေရာ၌ စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက ကျွန်းပင် ၈၄၀၊ မန်ကျည်းရှား ၁၅၀၊ စိန်ပန်းပင် ၁၈၀၊ ဆိုက်ပရက်ပင် ၂၀၀ နှင့် မဟော်ဂနီပင် ၃၀ စုစုပေါင်းပျိုးပင် ၁၄၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် ဤသို့ စည်ကားနေမှုကို တွေ့ရသည်။

*** ရွှေဖုံးမှ**

လာရောက် ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ယနေ့ ဝါဆိုလပြည့်ကျော် ၁ ရက်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တို့ရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

အဆိုပါ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူသူများကို စေတနာရှင်အလှူရှင်များက ဒံပေါက်၊ အအေးများ စသည့်စတုဒိသာများဖြင့်ကျွေးမွေးညှော်ခံကာ ဒါနကုသိုလ်များ ပြုခဲ့ကြကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပူတာအိုဒေသ စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး ဒေသခံတောင်သူများ တွေ့ဆုံ

**မြစ်ကြီးနား ဇူလိုင် ၂၁**

မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ် ပူတာအို ခရိုင်အတွင်း စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသတွင်းစိုက်ပျိုး မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမတည်ငွေများ တိုးမြှင့်ထောက်ပံ့ပေးနိုင်ရေးအတွက် ပူတာအိုမြို့သို့ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ပူတာအိုမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်အတွင်း လေဆိပ်ဝင်းမျက်နှာစာရှိ မြေကွက်လပ်၌ သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ စစ်ဗျူဟာ (အခြေချ)ပူတာအို ဗျူဟာမှူး ဗိုလ်မှူးကြီး ရဲဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က သစ်ပင်စိုက်ပျိုးပွဲတော် တက်ရောက်လာကြသူများအား ပျိုးပင်များကို ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများထံ ဖြန့်ဝေပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပျဉ်းကတိုး၊ ရေပိတုန်း၊ သစ်အယ်၊ တောင်တမာနှင့် လောက်ယား ပျိုးပင်ပေါင်း ၅၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတောင်းကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအတွင်း မွေးမြူရေးတောင်သူဦးရေ ၄၀ အစုအဖွဲ့ဖြင့် နေအိမ်ခြံဝင်းများအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းမှ ငွေကျပ်သိန်း ၂၀၀ ဖြင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဆေးဝါးပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။



ယင်းနောက် အဆိုပါကျေးရွာအတွင်းရှိ ပူတောင်းကွင်း မိုးစပါးစိုက်ပျိုးဧရိယာ ၄၀၀ ကျော်ရှိသည့် အနက် ကွင်းအမှတ် (၃၂)၊ တောင်သူ ဦးအကူးဒီး၏ လယ်၌ စိုက်ပျိုးထားသည့် ဆင်းကေရီ-၃ အထွက်တိုးမျိုးသန့်စပါးခင်းအား စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ၏ သဘာဝခေတ်မြေသြဇာ တောင်သူအသိပညာပေး သရုပ်ပြကြဲပက်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မန်စေကျေးရွာအုပ်စု ဝါးဆာကျေးရွာသို့ သွားရောက်ပြီး ကျေးရွာခန်းမ၌ အဆိုပါကျေးရွာနှင့် ဖန်ခိုင်ကျေးရွာတို့မှ စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံပွဲကျင်းပကာ ပြည်နယ်ဝန်ကြီးချုပ်က ပူတာအို ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မတည်ထောက်ပံ့ပေးလျက်ရှိသည့်အပြင် သုံးနှစ်အတွက် ဆန်ဖူလုံရေးအတွက် မျိုးသန့်စပါးမျိုးစေ့များကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ သို့မှသာ ဒေသတွင်းစားနပ်ရိက္ခာဖူလုံလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒေသခံတောင်သူများအနေဖြင့် ဒေသအကျိုး၊ မိမိတို့ မိသားစုအကျိုးအတွက် ကြိုးစားဆောင်ရွက်ကြရေးနှင့် လိုအပ်သည့် နည်းစနစ်ကျ စိုက်ပျိုးနည်းလမ်းများ၊ ရန်ပုံငွေများကို ရင်းနှီးမတည်ဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း၊ ဒေသခံတောင်သူများ၊ ဌာနဆိုင်ရာများ ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း အလျင်အမြန် စားရေရိက္ခာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာနက ပူတာအိုခရိုင်အတွင်း စနစ်ကျစက်မှုလယ်ယာမြေများ ဖော်ထုတ်ပေးခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လယ်မြေဧက ၃၇၅ ဧက ဖော်ထုတ်ပေးနိုင်မှုအခြေအနေများနှင့် ဝါးဆာကျေးရွာအတွက် စက်မှုလယ်ယာမြေဧက ၁၀၀ ဖော်ထုတ်လျက်ရှိရာ ဧက ၅၀ ဖော်ထုတ်ပြီးမှု၊ ဆက်လက်ထုတ်ဖော်ပေးသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက ခရိုင်အတွင်း ၂၀၂၄ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးစရိတ် ထုတ်ချေးပြီးစီးမှုအခြေအနေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းဖြင့် မတည်ရန်ပုံငွေများ ထုတ်ချေးပေးနိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျေးရွာနှစ်ရွာ ကိုယ်စားပြုတောင်သူများက လယ်ယာမြေများ ထပ်မံတိုးချဲ့ဖော်ထုတ်ပေးနိုင်ရေး၊ ကုန်ထုတ်လမ်းနှင့် တံတားပြုပြင်ဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးတို့အတွက် တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၈ ရွာ၊ အိမ်ခြေ ၂၀၅၆ အိမ်၊ လူဦးရေ ၁၁၉၄၁ ဦးတို့ကို အကျိုးပြုသည့်အပြင် ကျေးရွာစိုက်ပျိုးရေးထုတ်ကုန်များ လျင်မြန်စွာ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် ပူတာအို - လယ်မယ်ဝါဂျီ - နမ်ရှည်ကော့ - မန်စေခွန် - မန်စေလမ်း (ပူတာအိုလွင်ပြင်) ပတ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လမ်းတစ်လျှောက် မော်တော်ယာများပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ လုံးစွတ်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသတွင်း အဦးဆုံးထည်ထောင်ပေးခဲ့သော ဆန်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်ပိုင် ဆန်းဆန်စက်ရုံသို့ သွားရောက်ပြီး ပူတာအိုဒေသနေပြည်သူများအား ထောက်ပံ့ပေးနိုင်ရေးအတွက် အသင်းဥက္ကဋ္ဌ မြို့မိမြို့ဖ ဦးရယ်ဒမ်းတန်က ပြည်နယ်အစိုးရအဖွဲ့ထံ ဆန်အိတ် ၅၀ လှူဒါန်းမှုကို ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်တွင်း ပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ စကားဝိုင်းဆွေးနွေးပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၂၁**

ပြည်တွင်း ပစ်ခတ်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဖက်ဒရယ်လား/အကြမ်းဖက်လား ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပရာ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် ပါတီဝင်များ၊ အမျိုးသားရေးအဖွဲ့များ၊ စိတ်ပါဝင်စားကြသည့် ပြည်သူများနှင့် ပြည်တွင်း/ပြည်ပ မီဒီယာများ တက်ရောက်ကြသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် သေနင်္ဂဗျူဟာ လေ့လာရေးအဖွဲ့မှ ဦးသိန်းထွန်းဦးက ညှိနှိုင်းဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဦးလှသိန်း၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဦးသိန်းကြည်၊ သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့ ဒေါက်တာနိုင်ဆွေဦးနှင့် နိုင်ငံရေးသုတေသီ ဦးအောင်ဖြိုးကျော်တို့က ပါဝင်ဆွေးနွေးကြသည်။

**ညှိနှိုင်းဆွေးနွေးတောင်းဆိုနိုင်**

ရှေးဦးစွာ ဦးလှသိန်းက ဆွေးနွေးပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ မဲမသမာမှုကြောင့် တပ်မတော်က အာဏာကို ထိန်းသိမ်းခဲ့ရကြောင်း၊ ယခုနိုင်ငံကို မတည်မငြိမ်ဖြစ်အောင် တိုက်ပွဲများ ဖော်ဆောင်နေမှုသည် NCA ကို ဖောက်ဖျက်သော အဖွဲ့များဖြစ်ကြောင်း၊ ထိုဒေသတွင် အခြားတိုင်းရင်းသားများကို မောင်းထုတ်ခြင်း၊ သတ်ဖြတ်ခြင်းတို့သည် မိမိတို့ အကျိုးစီးပွားအတွက်လား၊ နိုင်ငံပျက်စီးအောင် လုပ်ဆောင်နေတာလားဟု မေးစရာများ ဖြစ်လာကြောင်း၊ အကြမ်းဖက်မှုကို အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်းသည် ပြည်တွင်းငြိမ်းချမ်းရေးကို ထိခိုက်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်စီးစေကြောင်း၊ နိုင်ငံတကာအနေဖြင့်လည်း အကြမ်းဖက်မှု မှန်သမျှကို လက်မခံကြောင်း၊ ယခုလို လက်နက်ကိုင် ပစ်ခတ်တိုက်ခိုက်နေမှုသည် ဖက်ဒရယ်စနစ်ကို အကြောင်းပြပြီး အကြမ်းဖက်မှုလုပ်ရပ်သာ ဖြစ်ကြောင်း၊ မိမိ အဖွဲ့အစည်းကောင်းကျိုးအတွက်လား၊ ဖက်ဒရယ်ကို လိုချင်တာလားဆိုတာကို မေးမြန်းစရာ ဖြစ်လာကြောင်း၊ ယခုလို အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုသည် ပြည်သူများ နေရပ်စွန့်ခွာ ထွက်ပြေးရသဖြင့် အတိဒုက္ခရောက်နေရကြောင်း၊ နိုင်ငံတော်က ရွေးကောက်ပွဲပြုလုပ်ရန် ကြေညာထားပြီးဖြစ်၍ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ပြီး လွှတ်တော်ပေါ်ပေါက်လာပါက မိမိတို့လိုအပ်ချက်ကို ညှိနှိုင်းဆွေးနွေး တောင်းဆိုနိုင်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ဦးသိန်းကြည်က နိုင်ငံရေးတွင် အမြဲတမ်းရန်သူ/ မိတ်ဆွေမရှိဘဲ အကျိုးတူသာ ရှိတတ်ကြောင်း၊ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားများ၊ ပြည်သူများနှင့် နိုင်ငံတော်လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများ ထိခိုက်သေဆုံးနေရကြောင်း၊ နိုင်ငံရေးတွင် သွေးမထွက်သော နိုင်ငံရေးနှင့် သွေးထွက်သော နိုင်ငံရေးဟူ၍ နှစ်မျိုးရှိပြီး နိုင်ငံရေးဖြင့် ဆုံးဖြတ်၍မရပါက စစ်ရေးသို့ ဦးတည်တတ်လေ့ရှိကြောင်း၊ မည်သည့်နိုင်ငံတွင်ဖြစ်စေ အကြမ်းဖက်မှုကို လက်ခံလေ့မရှိကြောင်း၊ လက်နက်ကိုင်၍ နယ်မြေများ စိုးမိုးလာခြင်းသည် NCA သဘောတူညီမှု ချိုးဖောက်ခြင်းသာဖြစ်ပြီး ထာဝရငြိမ်းချမ်းရေးလမ်းစဉ်ကို သွေဖည်ခြင်းဖြစ်၍ တိုင်းပြည်ထိခိုက်နစ်နာနိုင်မှုကို အလေးထား စဉ်းစားရန်လိုအပ်ကြောင်း၊ အကြမ်းဖက် လုပ်ရပ်များကြောင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲမှုမှသည် တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာ ကွဲသွားနိုင်သည်ကို အထူးသတိပြုသင့်ကြောင်း၊ တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်ဖြစ်ရာ တပ်မတော်အင်အားရှိရန် ပြည်သူလူထုက တပ်မတော်ကို ကူညီထောက်ခံအားပေးရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

**အစိတ်စိတ်အမြွှာမြွှာကွဲသွားနိုင်**

ဆက်လက်၍ ဦးအောင်ဖြိုးကျော်က တိုင်းရင်းသား လက်နက်ကိုင်များသည် ဖက်ဒရယ်ကိုသွားနေသည်ဟု ဆိုသော်လည်း လက်နက်ကိုင်၍ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်နေသည်ကိုသာ တွေ့ရှိရကြောင်း၊ ဗဟိုကိုအားပြုသောစနစ်သည် ဖက်ဒရယ်စနစ်ဖြစ်ပြီး ပြည်နယ်/တိုင်းများက အကောင်အထည်ဖော်ဆောင်ရွက်မှုသည် ဖက်ဒရယ်စနစ်ပင်ဖြစ်ကြောင်း၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ ပူးပေါင်းဆောင်ရွက်မှုသည် ဖက်ဒရယ်လမ်းစဉ်ဖြစ်၍ အောင်မြင်မှုရရှိခဲ့သည်ကို ၂၀၁၀-၂၀၁၅ တွင် တွေ့မြင်ခဲ့ရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့များသည် ဖက်ဒရယ်ကိုအကြောင်းပြပြီး ၎င်းတို့ အကျိုးစီးပွားအတွက် ဆောင်ရွက်နေသူများဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ဒေါက်တာနိုင်ဆွေဦးက လက်နက်စွဲကိုင်ပြီး အစိုးရကိုတိုက်ခိုက်ခြင်း၊ ပြည်သူကို သတ်ဖြတ်ခြင်းသည် ဖက်ဒရယ်စနစ်ကို လိုလားသူများမဟုတ်ဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖျက်ဆီးခြင်းသာဖြစ်ကြောင်း၊ တိုက်ခိုက်သတ်ဖြတ်၍ နယ်မြေများရယူခြင်းသည် အကြမ်းဖက်လုပ်ရပ်သာဖြစ်ပြီး ပြည်သူများ ထိခိုက်နစ်နာပြီး တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာ ကွဲသွားနိုင်ကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ပျက်စီးဆုံးရှုံးအောင် လုပ်ဆောင်နေသော အကြမ်းဖက်သမားများအား ဆန့်ကျင်ရှုတ်ချပြီး တပ်မတော်နှင့်အတူ ပူးပေါင်းလက်တွဲကာကွယ်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၂၁-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၂၀-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၂၁-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက် ကုသသူ (၄၈) ဦးရှိခဲ့ပြီး ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြင့် ဆေးရုံတက်ရောက်ကုသသူ မရှိခဲ့ပါ။ လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၂၁-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာ ပျောက်ကင်းသည့် လူနာ (၆၈) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူပညာပေးကွင်းသရုပ်ပြ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်မြို့နယ်တို့တွင် စိုက်ပျိုးထားသော ဝါသီးနှံစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)၌ ကျင်းပခဲ့ရာ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်မြို့နယ် ခြံစိုက်ကွင်းများမှ ဝန်ထမ်းများနှင့်တောင်သူများ လာရောက်လေ့လာခဲ့ကြသည်။

သရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က ပန်းတိုင်အထွက်နှုန်း ဝါတစ်ဧက ပိဿာ ၇၀၀ ရရှိရန် မျိုးကောင်း မျိုးသန့်ရွေးချယ်စိုက်ပျိုးသွားရေး ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)မှ ဒေသနှင့်ကိုက်ညီသည့် ဝါမျိုးများကို အပြည့်အဝဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ဝါမစိုက်မီ ပိုက်ဆံလျှော်ကဲ့သို့ သစ်စိမ်းမြေဩဇာကို စိုက်ပျိုး၍ သဘာဝမြေဩဇာရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားပြီး လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာ အေးအေးမြတ်က ဝါသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဝါပိဿာ ၇၀၀ ပန်းတိုင်အထွက်နှုန်း ရရှိရေး တန်းကြား/ပင်ကြား (၂.၅ပေ x၁ပေ) ဖြင့် တစ်ဧက အပင်ရေ ၃၄၈၃၈ ဝင်ဆန့်အောင် စိုက်ပျိုးထားသည့် စံပြစိုက်ခင်းနှင့် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးကြိုဝါမျိုးစေ့ထုတ်စိုက်ခင်းများ၊ စိုက်နည်းစနစ်နှင့် အိန္ဒိယ ဝါမျိုးသစ်များ မျိုးယှဉ်သုတေသနစမ်းသပ်ကွက်များ၊ ဒေသဝါမျိုးနှင့် မျိုးကူးစပ်ထားရှိမှုများကို ကွင်းဆင်း ဥဇဘက်ကစ္စတန် ဝါမျိုးသစ်များကို လေ့လာခဲ့ကြောင်း သိရသည်။ **သက်ထက်**



# ကယားပြည်နယ်အစိုးရအဖွဲ့ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်နှင့် စပါးတိုက်ရိုက်အစေ့ချကိရိယာဖြင့် စိုက်ပျိုးသရုပ်ပြပွဲ ကျင်းပ

လွိုင်ကော် ဇူလိုင် ၂၁

**၂၀၂၄ ခုနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်နှင့် တောင်သူများကို မျိုးစပါး၊ ယူရီးယားမြေဩဇာ၊ စပါးတိုက်ရိုက် အစေ့ချကိရိယာ (Drum Seeder) အခမဲ့ပေးအပ် ထောက်ပံ့ခြင်းနှင့် သရုပ်ပြအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ရောက်ကြသည်။**



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်များကို ဖြန့်ဝေပေးအပ်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် မိုးရာသီစုပေါင်းသစ်ပင်များ စိုက်ပျိုးပေးခဲ့ကြပြီး သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်လာကြသူများက ပျော်ရွှင်စွာ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။**(အပေါ်ယာပုံ)**

ယနေ့ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် အရိပ်ရ သစ်မျိုးများဖြစ်သည့် ကျွန်း၊ ပိတောက်၊ ခရေ၊ စကားဝါ၊ စိန်ပန်းပြာ၊ ခါတော်မီ၊ မဟော်ဂနီ၊ ကံ့ကော်၊ ချယ်ရီ၊ ဗာဒံ၊ ချင်းဒညင်း စသည့် သစ်မျိုး ၁၁ မျိုး စုစုပေါင်း အပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများကို မျိုးစပါး၊ ယူရီးယားမြေဩဇာ၊ စပါးတိုက်ရိုက် အစေ့ချကိရိယာ (Drum Seeder) အခမဲ့ပေးအပ်ထောက်ပံ့ခြင်းနှင့် သရုပ်ပြအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက စပါးတိုက်ရိုက် အစေ့ချကိရိယာ (Drum Seeder) အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များက လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု၊ မထောခူကျေးရွာအုပ်စု၊ လောပိတကျေးရွာအုပ်စု၊ ချိုကယ်ကျေးရွာအုပ်စု၊ ဒီးမော့ဆိုမြို့နယ်၊ စံပြ (၆) မိုင်ကျေးရွာအုပ်စုမှ တောင်သူများအား မျိုးစပါး၊ ယူရီးယားမြေဩဇာနှင့် တိုက်ရိုက် အစေ့ချကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူများက ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်ဆောင်ရွက်မှုကြောင့် လွိုင်ကော်လေဆိပ်အတွင်း ပျက်စီးခဲ့မှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြုပြင်ဆောင်ရွက်နိုင်ရေး၊ လေဆိပ်အတွင်း ပြည်သူများ လုံခြုံစိတ်ချစွာဖြင့် ခရီးသွားနိုင်ရေးအတွက် စနစ်တကျ ပြင်ဆင်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။ ထို့နောက် နောင်ယား (က)ရပ်ကွက် ကန္တရဝတီ လမ်းမကြီးတစ်လျှောက် လျှပ်စစ်မီးတိုင်များ စိုက်ထူခြင်းနှင့် လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြည်သူများ လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အမြန်ဆုံး ကြိုးပမ်းပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်သို့ သွားရောက်၍ အစိုးရပိုင်ယာဉ်ယန္တရားများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာဉ်ယန္တရားများ ကြံ့ခိုင်မှုရှိစေရေးနှင့် ပျက်စီးနေသော ယာဉ်ယန္တရားများကို အမြန်ဆုံးပြုပြင်ပြီး လုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရေးနှင့် ရုံးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး မှာကြားခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

## မြေပြိုဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြေပြိုဘေးအန္တရာယ်သည် ဇွန်လမှ ဩဂုတ်လများတွင် အဖြစ်များပြီး ကျန်ကာလများတွင်လည်း ရံဖန်ရံခါ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မြေပြိုဘေးသည် ပစ္စည်းဥစ္စာဆုံးရှုံးမှု အလွန်နည်းပါးသော်လည်း လူသေဆုံးမှု၊ ထိခိုက်/ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် မြေပြိုဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြေပြိုဘေးဖြစ်ပွားမှုအကြိမ်ရေ(၂၆)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၃၆)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူသေဆုံး (၄၄)ဦး၊ ထိခိုက်/ဒဏ်ရာရရှိသူ(၁၂)ဦး ရှိခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မြေပြိုဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်း သက်သာစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့် မြေပြိုခြင်းမဖြစ်မီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိပတ်ဝန်းကျင်ရှိ ဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်း ကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ၊

(ခ) မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ ပါဝင်ပါ၊

(ဂ) ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ၊

(ဃ) သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းများတွင် အစိုးရ ရပ်ရွာ လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ၊

(င) တောင်ကုန်းတောင်စောင်းတွင် နေထိုင်သူများ အနေဖြင့် မိမိအိမ်ဝန်းကျင်ရှိ မြေပြိုမှုဘေးအန္တရာယ် ဖြစ်နိုင်ခြေနှင့် အိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ၊

(စ) မြေပြိုမှု၊ တောင်ပြိုမှု ဖြစ်ပွားလေ့ရှိသော နေရာများကို ကြိုတင်လေ့လာထားပါ။ မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများကို သတိပြုပါ၊

(ဆ) မြေပြိုနိုင်သောနေရာများ (မတ်စောက်သော တောင်စောင်းများ၊ မြေပျော့သောနေရာများ၊ ရေဝပ်သောနေရာများ) တောင်စွယ်ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသော လျှိုအနီးတွင် အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရ။

(ဇ) မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်-
- မိမိတို့၏ နေအိမ်တံခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွှေ့လာခြင်း၊
- သစ်ပင်များ နေရာရွှေ့ခြင်း၊ စောင်းလာခြင်း၊
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

(ဈ) မြေပြိုတတ်သော နေရာများတွင် နေထိုင်သူဖြစ်ပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ၊

(ည) တောင်စောင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ အနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကို သတိပြုပါ။

၅။ မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြေပြိုကျမှုဖြစ်နေသော နေရာများအနီးသို့ မလိုအပ်ဘဲ မသွားပါနှင့်၊

(ခ) မြေပြိုကျမှုဖြစ်နေသောနေရာများတွင်ရောက်နေပါက တတ်နိုင်သမျှ အမြန်ဆုံးဘေးလွတ်ကင်းရာသို့ ပြေးပါ။ အမြန်ဆုံး မရှောင်ခွာနိုင်ပါက နီးစပ်ရာ ခိုင်ခံ့သော နေရာ/ အဆောက်အအုံများတွင် ခိုလှုံပါ။ မြေပြိုမှုဖြစ်နေသော နေရာအနီးသို့လာသည့် လူနှင့် ယာဉ်များအား အသိပေးပါ။

၆။ မြေပြိုမှုဖြစ်ပေါ်ပြီးချိန်တွင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) မြေပြိုထားသော ပတ်ဝန်းကျင်၊ အဆောက်အအုံများ၊ လျှပ်စစ်မီးကြိုးနှင့် ဝေးဝေးနေပါ၊ မြေပြိုခြင်းဒဏ်ခံရသော နေအိမ်အဆောက်အအုံများအား သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ရမှသာလျှင် ဝင်ရောက်နေထိုင်ပါ၊

(ခ) မြေပြိုမှုကြောင့် ဒဏ်ရာရသူ ပိတ်မိနေသူများရှိပါက ကယ်ဆယ်ရေးအဖွဲ့သို့ ချက်ချင်းအကြောင်းကြားပြီး လိုအပ်သော အကူအညီများပေးပါ၊

(ဂ) မိသားစုဝင်များ ပျောက်ဆုံးကွဲကွာပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားပါ။

(ဃ) မြေပြိုခြင်းကြောင့် နောက်ဆက်တွဲဖြစ်လာနိုင်သော ရေလွှမ်းမိုးမှု၊ ရွှံ့နုန်းမြေများ၊ မြေသားအစိုင်အခဲများ ပြိုကျစီးဆင်းလာနိုင်မှုတို့အား အထူးသတိပြုနေထိုင်ပါ၊

(င) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(စ) မြေပြိုထားသောနေရာများ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များ၊ တာဝန်ရှိသူများ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ၊

(ဆ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီ လိုအပ်သူများကို တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသည့် Hot-Lineဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# ဆေးတက္ကသိုလ်-တောင်ကြီး ပါမောက္ခချုပ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၁**

ဆေးတက္ကသိုလ် – တောင်ကြီး ပါမောက္ခချုပ် တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၀ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်အဖြစ် ဆေးတက္ကသိုလ် – တောင်ကြီး Final Part – 1FCနှင့် Final Part – 2FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆေးတက္ကသိုလ် – တောင်ကြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးကြရာ Final Part–2 FC အသင်းက အနိုင်ရရှိသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ Cheer Leadeading နှစ်သိမ့်ဆု ရရှိသောအသင်း၊ "Cheer Leadeading Award" 3rd runner up၊ 2nd runner up၊ 1st runner up၊ The Best Cheerling Team ဆု ရရှိသောအသင်းများကို ဆေးတက္ကသိုလ် – တောင်ကြီး တာဝန်ရှိသူများကလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆု၊ နောက်တန်းအကောင်းဆုံးဆု၊ အလယ်တန်းအကောင်းဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများကို ဆေးတက္ကသိုလ်– တောင်ကြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသော အသင်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က လည်းကောင်း၊ ဒုတိယဆုရရှိသော Final Part–1 FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ်စီးပွားရေးရာဝန်ကြီးက လည်းကောင်း၊ ပထမဆုရရှိသော Final Part – 2FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ချန်ပီယံဆုဖလားနှင့် ငွေသားဆုတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ကလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်သန်း(တောင်ကြီး)**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။






## ပြင်ဦးလွင်မြို့နယ်ရှိ ဝါးနက်အပန်းဖြေဆင်စခန်းသို့ လည်ပတ်သူများ ဆင်စာဘူဖေးကျွေးမွေး

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး –ပြင်ဦးလွင်လမ်းမှ ၅ မိုင် ၅ ဖာလုံအကွာ ရဲရွာရေအားလျှပ်စစ် စက်ရုံလမ်းပေါ်ရှိ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနပိုင် ဝါးနက်အပန်းဖြေဆင်စခန်းသို့ အများပြည်သူအလုပ်ပိတ်ရက်ဖြစ်သော အာဇာနည်နေ့၊ ဝါဆိုလပြည့်နေ့နှင့် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်မှ ပြည်သူများ လာရောက်အပန်းဖြေကြပြီး ဆင်စီးခြင်း၊ ဆင်စခန်းဥယျာဉ်အတွင်း လည်ပတ်ခြင်း၊ ဆင်စာဘူဖေးကျွေး ကုသိုလ်ပြုကြသည်။

ဝါးနက်အပန်းဖြေစခန်းရှိ ဆင်များအတွက် ဆင်စာဘူဖေးအသီးအနှံများ လှူဒါန်းကြရာ နှစ်စဉ် ဇူလိုင် ၁၉ ရက်တိုင်း ရွှေစာရံဂေါက်ကွင်းနှင့် ကောင်းမြတ်ကုမ္ပဏီမိသားစုက အသီးအနှံစုံ ငွေကျပ် ၈၀၀၀၀၊ မန္တလေးမြို့မှ ဦးအောင်အောင်နှင့် မန်း Biker စက်ဘီးအဖွဲ့က ဆင်စာသီးနှံ ခုနစ်ရက်စာဖိုးကိုလည်းကောင်း၊ ဇူလိုင် ၂၀ ရက်က မန္တလေးမြို့နေ ကိုရှင်းသန့်အောင်က မွေးနေ့အထိမ်းအမှတ် ဆင်စာဘူဖေးဖိုးငွေကျပ် တစ်သိန်းလှူဒါန်းခဲ့သည်။

ဝါးနက်အပန်းဖြေဆင်စခန်းအတွင်း ဆင်စာဘူဖေးကျွေးမွေးလိုပါက ဖုန်း ၀၉–၄၃၀၅၄၀၃၈၊ ဖုန်း ၀၉–၇၅၄၀၅၂၈၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ချောက်မြို့နယ် ကတိုင်ကျေးရွာမှ ပြည်သူ တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး ကျေးရွာအတွင်းမှ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်တို့ကို ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကတိုင်ကျေးရွာအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ် ပစ်ဖောက်ဝင်ရောက်ခဲ့ပြီး ပြည်သူတစ်ဦးကို ဖမ်းဆီးသွားခဲ့ကြောင်းနှင့် ကျေးရွာအတွင်းမှ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်တို့ကို ယူဆောင်သွားခဲ့ကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် ဝါဒဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ချောက်မြို့နယ် ကတိုင်ကျေးရွာမှ ပြည်သူတစ်ဦးကို ဖမ်းဆီးခြင်းနှင့် ၎င်းကျေးရွာအတွင်းမှ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်တို့ကို ယူဆောင်သွားသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ချောက်မြို့နယ်အတွင်း အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှု မရှိစေရန် လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ချောက်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ငွေကြေးကောက်ခံခြင်း၊ အဓမ္မလူသစ်စုဆောင်းခြင်းများနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက် ည ၁၁ နာရီခန့်တွင် ဆူးတောကျေးရွာအနီးတစ်ဝိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး




အကြမ်းဖက်သမားများ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်မှုဖြစ်စဉ်များ လျှော့နည်းပပျောက်ရေးအတွက် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာလုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**

## မင်းကင်းမြို့နယ် တုမရကျေးရွာမှ ပြည်သူခြောက်ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့မှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့သည်ဟု လုပ်ကြံရေးသား ဝါဒဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တုမရကျေးရွာမှ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၆ ရက်တွင် ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက် မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၁၇ ရက် နံနက် ၇ နာရီခွဲခန့်တွင် မင်းကင်းမြို့နယ် တုမရကျေးရွာသို့ PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိလာပြီး အဆိုပါအပြစ်မဲ့ပြည်သူ ခြောက်ဦးကို ဒလန်ဟုစွပ်စွဲ၍ ကျေးရွာ၏ အရှေ့ဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကာ ၎င်းကျေးရွာထိပ်အရောက်တွင် ဓား၊ သေနတ်များဖြင့် သတ်ဖြတ်ခဲ့ပြီး ပျဉ်းပင်မော်ကျေးရွာဘက်သို့ ထွက်ခွာသွားခဲ့ကြောင်း၊ ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ ငါးဦး သေဆုံးခဲ့ပြီး တစ်ဦးမှာ မင်းကင်းမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိသော်လည်း ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ၎င်းတို့ကို ထောက်ခံအားပေးခြင်းမရှိသည့် မြို့ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲပြီး ဖမ်းဆီးသတ်ဖြတ်ခြင်း




များ လုပ်ဆောင်လျက်ရှိရာ ယခုဖြစ်စဉ်တွင်လည်း အပြစ်မဲ့ပြည်သူ ခြောက်ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့ပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ဖြစ်စဉ်လွှဲချကာ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

◆ *ကျောဖုံးမှ*

ဒုံးသီးများအား စနစ်တကျ သက်မဲ့ပြုလုပ်ခဲ့ပြီး အဆိုပါ ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သည့် နေရာနှင့်အနီးဝန်းကျင်တစ်ဝိုက်အား ပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ရှော့တိုက်ဒုံးပစ်ခတ်ရာတွင် ပါဝင်သူအကြမ်းဖက်သမား နှစ်ဦးဖြစ်သည့် လယ်ဝေးမြို့နယ် သာဝတ္တိသစ်ကြိမ်းအုပ်စု ဟေမာန်ကျေးရွာနေ ပြည့်ဖြိုးအောင်(ခ) နောက်စေ့နှင့် သက်ခိုင်ထွန်း(ခ) ကိုသက်တို့အား ကနဦး ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်များအရ ဖြစ်စဉ်နှင့်ဆက်စပ်သူ ၁၅ ဦးအား လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိတရားခံများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ ပြည့်ဖြိုးအောင် (ခ) နောက်စေ့



တရားခံ သက်ခိုင်ထွန်း (ခ) ကိုသက်



အကြမ်းဖက်သမားများမှ ပစ်ခတ်ရန်ပြင်ဆင်ထားသည့် ဒုံးပစ်စင် သုံးခုအား သက်မဲ့ပြုလုပ်ပြီးစီးမှု။









အကြမ်းဖက်သမားများမှ ပစ်ခတ်ပြီးသည့် ဒုံးပစ်စင်နေရာ လေးခုအား တွေ့မြင်ရစဉ်။



အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးအပိုင်းအစများ။



ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲသည့်နေရာများ။

# ပြည်သူအကျိုးပြု မြို့နယ်သမဝါယမအသင်းစု

**ဦးစွာ မြန်မာနိုင်ငံရှိ သမဝါယမအသင်းဖွဲ့စည်းမှုကို တင်ပြပါရစေ။ အသက်(၁၈) နှစ်ပြည့်ပြီး အသင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အနည်းဆုံး လူပုဂ္ဂိုလ်ငါးဦးဖြင့် အခြေခံသမဝါယမအသင်းဖွဲ့စည်းနိုင်ပြီး အခြေခံအသင်း သုံးသင်းဖြင့် သမဝါယမအသင်းစုကို ဖွဲ့စည်းနိုင်ပါသည်။**

K ဇင်သစ်(မန်းတက္ကသိုလ်)

သမဝါယမအသင်းစုချုပ်ကို အသင်းဝင် အသင်းစုများဖြင့် ဖွဲ့စည်းပြီး အသင်းစုနှင့် အသင်းစုချုပ်တို့ပါဝင်သော ဗဟိုသမဝါယမအသင်းကို ဖွဲ့စည်းထားကြောင်း သိရှိရပါသည်။ ၃၁-၅-၂၀၂၄ ရက်နေ့အထိ အသင်းဝင် ၄၆၁ သင်း ပါဝင်သော ဗဟိုသမဝါယမအသင်းတစ်သင်း၊ အသင်းဝင် ၅၁၅ သင်း ပါဝင်သောသမဝါယမအသင်းစုချုပ် ၂၂ သင်း၊ အသင်းဝင် ၂၀၂၂၄ သင်း ပါဝင်သောအသင်းစု ၄၄၉ သင်းနှင့် အသင်းသားဦးရေ ၄ ဒသမ ၁၉ သန်းတို့ဖြင့် အခြေခံသမဝါယမအသင်း ၃၈၁၈၇ သင်း ဖွဲ့စည်းမှတ်ပုံတင်ထားသည့်အတွက် သမဝါယမအသင်းပေါင်း ၃၈၆၅၉ သင်းတို့က အသင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးကို ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍတို့မှ ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

### လူမှုစီးပွားဘဝမြင့်မားရေး ကြိုးပမ်းဆောင်ရွက်

ဒေသခံပြည်သူများအတွက် အကျိုးပြုလျက်ရှိနေသော ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ လုပ်ငန်းဆောင်ရွက်နေမှုများကို စာရေးသူလေ့လာမိသလောက် မျှဝေပေးလိုပါသည်။ ကမ္ဘာ့နိုင်ငံများတွင် သမဝါယမလုပ်ငန်းများ အောင်မြင်လျက်ရှိနေပြီး မိမိတို့နိုင်ငံတွင် မည်သည့်အောင်မြင်နေသည့် သမဝါယမအသင်းအရေအတွက် နည်းနေသေးသလဲဆိုသည့် မေးခွန်းက ရှေ့ဆုံးရောက်နေသည်ကိုမငြင်းဝံ့ပါ။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရနေသည့် မြန်မာ့သမဝါယမအသင်းများအနေဖြင့် အချို့သောကြယ်ပွင့် တစ်နည်း အောင်မြင်နေသော သမဝါယမအသင်းများအနေဖြင့် ယင်းတို့၏ အသင်းဝင်/ အသင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေသည်ဆိုသည့် ပကတိအရှိတရားကလည်း လက်တွေ့မှာ အမှန်ရှိနေပြန်ပါသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၇၅ အုပ်စု ကျေးရွာပေါင်း ၂၂၀ တို့ရှိ ပြည်သူ ၃၀၃၂၅ ဦးတို့မှ အများဖြင့် ပူးပေါင်းဆောင်ရွက်လိုသော စိတ်ရှိသူ၊ သမဝါယမစနစ်အား ယုံကြည်လက်ခံကြသူများဖြင့် ရပ်ကွက်/ကျေးရွာကို အခြေခံဖွဲ့စည်းထားသော အခြေခံသမဝါယမအသင်း ၂၅၀ ရှိပြီး အဆိုပါအသင်းများသည် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုတွင် အသင်းဝင်များအဖြစ် ပါဝင်လျက်ရှိပါသည်။

မြို့နယ်သမဝါယမအသင်းစုကို အမှုဆောင်ဒါရိုက်တာကိုးဦး၊ အသင်းဝန်ထမ်း ၃၂ ဦးတို့ဖြင့် လုပ်ငန်းခွဲ ၁၁ ခုကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ မြို့နယ်သမဝါယမအသင်းစုအနေဖြင့် အသင်းဝင် အခြေခံသမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ကောင်းမွန်မှုနှင့် ကြိုးစားလုပ်ကိုင်လိုသော ဆန္ဒရှိသည့်အသင်းများအား လယ်ယာမြေအဆင့်မြှင့်တင်ခြင်း၊ အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းလုပ်ကိုင်ခြင်း၊ အရောင်းဆိုင်(သွင်းအားစုအထူး)လုပ်ငန်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်သည့် အခြေခံသမဝါယမအသင်း ၁၇၃ သင်း၊ စိုက်ဧက ၃၄၁၉ ဧကတို့အတွက် ကျပ် ၁၀၁၉၉ သိန်းနှင့်ညီမျှသော မျိုးကောင်းမျိုးသန့်၊ သွင်းအားစုမြေဩဇာများ သီးနှံစိုက်ပျိုးမှုအပေါ်အခြေခံပြီး ထောက်ပံ့ပေးထားသောကြောင့် ကျေးလက်နေအသင်းသား တောင်သူဦးကြီးများအနေဖြင့် သီးနှံများအထွက်တိုး၍ ကိုယ်စီဝင်ငွေတိုးနေသည်ကလည်း အောင်မြင်လျက်ရှိပြီး ပြည်သူအားထားရာ သမဝါယမအသင်းတစ်သင်း၏ ဆောင်ကြဉ်းပေးနိုင်မှုဟု ဆိုချင်ပါသည်။

ညောင်ဦးမြို့ မဏိစည်သူဈေးတွင် ကျောင်းသုံး၊ ရုံးသုံးပစ္စည်းများ၊ လယ်ယာသုံးစိုက်ပျိုးရေးဆေးများ၊ အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ဆန်နှင့်အသင်းစုဆီစက်မှ ကြိတ်ခွဲသော စားသုံးဆီများကိုလည်း ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေမှုရှိစေနိုင်ရေး အထောက်အကူပြုလျက်ရှိကြောင်း သိရှိရပါသည်။

ပုဂံဘုရားဖူးပြည်သူများ ခရီးသွားအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရေးတို့အတွက် ညောင်ဦးမန်းမော်တော်ယာဉ်လုပ်ငန်းကို ၁၉၇၄ ခုနှစ်မှ စတင်လိုင်းဝင်ပြေးဆွဲခဲ့ပြီး မော်တော်ယာဉ်ခုနစ်စီးဖြင့် ပုဂံညောင်ဦး-မန္တလေး-နေပြည်တော်ခရီးစဉ်များကို နေ့စဉ်ပြေးဆွဲလျက်ရှိခြင်းကြောင့် အသင်းအနေဖြင့် တစ်နှစ်တာအတွင်း ဝင်ငွေကျပ် ၁၂၆၆ သိန်း ရရှိလျက်ရှိကြောင်း သိရှိရပါသည်။ မိုးစပါး၊ ဝါ၊ နှမ်းနှင့် အခြားသီးနှံစိုက်ပျိုးလျက်ရှိသည့် သမဝါယမအသင်း ၁၀ သင်းသို့ ကျပ် ၁၃၄၆ သိန်းတန်ဖိုးရှိ အထွက်နှုန်းတိုးမျိုးနှင့် သွင်းအားစုတို့ကို စိုက်ဧက ၆၃၂ ဧကအတွက် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်းလည်း သိရှိရပါသည်။

ဒေသတစ်ခု ထုတ်ကုန်တစ်ခု ဆောင်ရွက်ပေးမှုအနေဖြင့် ယွန်းထည်ပစ္စည်းလုပ်ငန်း၊ မိုလ်လုပ်ငန်းနှင့် ဆေးရေးပန်းချီလုပ်ငန်း၊ မြေပဲဆုံဆီနှင့်ပဲကြော်လုပ်ငန်းဆောင်ရွက်သည့် သမဝါယမအသင်းသုံးသင်းကိုလည်း မြို့နယ်သမဝါယမအသင်းစုပိုင်ငွေကျပ် ၉၂၄ သိန်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိနေခြင်းကြောင့် ကြယ်တစ်ပွင့်ရဲ့ စွမ်းဆောင်နိုင်မှုများသည် ဒေသခံပြည်သူများအတွက် "သစ်တစ်ပင်ကောင်းငှက်တစ်သောင်းနား"ဆိုသည့်ပမာ ညောင်ဦးမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများအတွက် အားကိုးရာ မြို့နယ်သမဝါယမအသင်းစုအဖြစ် တည်ရှိနေသည်မှာ အမှန်ပင်ဖြစ်ပေသည်။

### စားအုန်းဆီတင်သွင်းခြင်းကို အစားထိုးနိုင်

သူဌေးကန်မွေးမြူရေးကုန်ထုတ် သမဝါယမအသင်းနှင့် အကျိုးတူ ဆိတ်မွေးမြူရေးလုပ်ငန်းကိုဆောင်ရွက်လျက်ရှိရာ ဆိတ်ကောင်ရေ ၃၄၀ မွေးမြူထားရှိကြောင်း သိရှိရပါသည်။ မြို့နယ်သမဝါယမအသင်းစုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု၊ ခရီးသည်ယာဉ်လိုင်း၊ အရောင်းဆိုင် စသည့် လုပ်ငန်းနယ်ပယ်များမှာလည်း လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်သကဲ့သို့ အရည်အသွေးမှန်၊ ဈေးနှုန်းမှန်၊ အခြင်အတွယ်မှန်ပြည်သူအများစု သုံးစွဲမှုပြုနေသည့် ညောင်ဦးပဲဆီသန့် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းမှလည်း နိုင်ငံတော်၏ သွင်းကုန်အစားထိုးလုပ်ငန်း အထူးသဖြင့် စားအုန်းဆီတင်သွင်းခြင်းကို အစားထိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိရပါသည်။

ညောင်ဦးပဲဆီသန့်ဟု ဈေးကွက်အတွင်း လူသိများသော စားသုံးဆီဘူးများကို မြို့နယ်သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှ ကြိတ်ခွဲဖြန့်ဖြူးရောင်းချပေးနေခြင်း ဖြစ်ပါသည်။ လတ်တလောတွင် မြင်းကောင်ရေ ၂၅ ကောင်သုံး စပါယ်ရှယ်ဝမ်းဆီဆုံ နှစ်လုံးဖြင့် နေ့ညမပြတ် ကြိတ်ခွဲလျက်ရှိပြီး ဇူလိုင်လတွင် နောက်ထပ် ဆီစက်တစ်လုံးဝယ်ယူ၍ တိုးချဲ့လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါဆီဆုံသုံးလုံးဖြင့် ကြိတ်ခွဲပါက တစ်ရက်လျှင် မြေပဲဆန် ပိဿာ၁၂၅၀ ကြိတ်ခွဲနိုင်မည်ဖြစ်ပြီး တစ်နှစ်ပတ်လုံးပိဿာ လေးသိန်းခန့် ကြိတ်ခွဲနိုင်မည်ဖြစ်၍ မြေပဲဆီ ပိဿာ ၁ ဒသမ ၆ သိန်းခန့်နှင့် မြေပဲဖတ်ပိဿာ ၂ ဒသမ ၃ သိန်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ ညောင်ဦးပဲဆီသန့်၏ အရည်အသွေးကောင်းမွန်မှုနှင့် ဈေးနှုန်းသက်သာမှုတို့ကြောင့် ဝယ်လိုအားများလာခြင်းဖြစ်၍ ဆီစက်အသစ်များ တိုးချဲ့တည်ထောင်လာခဲ့ခြင်းဖြစ်သည်ဟုလည်း သိရပါသည်။ လက်လီတစ်မျိုး လက်ကားတစ်သွယ် ဆီဈေးကွက်အတွင်း သက်တန့်ရောင်ကြယ်တစ်ပွင့်၏ ရောင်းချဖြန့်ဖြူးပေးနေမှုမှာ နိုင်ငံတော်၏စီးပွားရေး ဦးတည်ချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေသည်ဟု မှတ်ယူနိုင်မည်ဖြစ်ပေသည်။

မြို့နယ်အတွင်း အသင်းသားတောင်သူများ စိုက်ပျိုးသည့်လယ်ယာဧက ၃၅၀၀ ကျော်မှ ထွက်ရှိသောမြေပဲဆန်များကို ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဝယ်ယူကြိတ်ခွဲလျက်ရှိပြီး ရောင်းချသည့် မြေပဲဆန် ပေါ်မှုတည်ပြီး Refund ပေးခြင်းကို ဆောင်ရွက်သလို အခြားသောပွဲရုံများထက်မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၅၀ နှုန်းဈေးပိုပေး၍ ဝယ်ယူခြင်းတို့ကိုလည်း ဆောင်ရွက်နေခြင်းကြောင့် အရည်အသွေးကောင်းမွန်သောကုန်ကြမ်းများ လုံလောက်စွာ ရရှိလျက်ရှိကြောင်း သိရှိရပါသည်။ ထိုထိုသောလုပ်ငန်းအဖုံဖုံကို ဆောင်ရွက်နေသည့် ပြည်သူအကျိုးပြု မြို့နယ်သမဝါယမအသင်းစု၏ သုံးနှစ်အတွင်း ထိုက်သင့်သည့် ဝင်ငွေနှင့်အမြတ်များလည်း ရရှိလျက်ရှိနေပါသည်။

သမဝါယမအသင်းစုအနေဖြင့် ရရှိလာသောဝင်ငွေများအနက်မှ အသင်းဝင် အခြေခံအသင်းများသို့ အစုပေါ်အမြတ်၊ ကျန်းမာရေး၊ လူမှုရေး၊ အသင်းသား တောင်သူ ထောက်ပံ့ပေးခြင်းတို့အပြင် လှူဒါန်းမှုများအား ပြုလုပ်ခဲ့ကြောင်းကိုလည်း ဇယားပါအတိုင်း ထောက်ပံ့ဆောင်ရွက်ပေးထားကြောင်း သိရှိရပါသည်။

**သမဝါယမအသင်းများနှင့်အသင်းသားများသို့ ထောက်ပံ့ပေးနိုင်မှုအခြေအနေဇယား**

(ကျပ်သိန်း)

| စဉ် | အကြောင်းအရာ | ဘဏ္ဍာရေးနှစ်အလိုက် ထောက်ပံ့ငွေ | | |
|---|---|---|---|---|
| | | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
| ၁ | အစုပေါ်ပြန်အမ်းငွေ | ၂၄ | ၂၇ | ၂၇ |
| ၂ | ကျန်းမာရေးစရိတ် | ၁၅ | ၁၅ | ၁၀ |
| ၃ | လူမှုရေးစရိတ် | ၆၈ | ၁၅၉ | ၁၄၁ |
| ၄ | ပညာရေးစရိတ် | ၁၀ | ၅ | ၂ |
| ၅ | ကျေးရွာများသို့ရေလှူ | ၇ | ၅ | ၆ |
| ၆ | ဘာသာရေး အလှူငွေ | ၁၁ | ၄၃ | ၄၁ |
| ၇ | အသင်းသားတောင်သူ | ၅၈ | ၈၅ | ၆၆ |
| | စုစုပေါင်း | ၁၉၃ | ၃၃၉ | ၂၉၃ |

စာမျက်နှာ ၁၁ သို့



ရွှေယွန်းကုန်ထုတ်သမဝါယမအသင်းလီမိတက်မှ ထုတ်လုပ်ရောင်းချသော မြန်မာ့ရိုးရာယွန်းထည်များ။

- ❒ မြန်မာ့သမဝါယမအသင်းများအနေဖြင့် အချို့သောကြယ်ပွင့် တစ်နည်း အောင်မြင်နေသော သမဝါယမအသင်းများအနေဖြင့် ယင်းတို့၏ အသင်းဝင်/အသင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ
- ◆ ရရှိလာသောဝင်ငွေများအနက်မှ အသင်းဝင်အခြေခံအသင်းများသို့ အစုပေါ် အမြတ်၊ ကျန်းမာရေး၊ လူမှုရေး၊ အသင်းသား တောင်သူ ထောက်ပံ့ပေးခြင်းတို့အပြင် လှူဒါန်းမှုများအား ပြုလုပ်ခဲ့

# ပိုင်ကျုံမြို့ရှိ ဝဥစိုက်တောင်သူများ ဝဥပေါ်ချိန်တွင် ဈေးကောင်းရရန်မျှော်လင့်

**ပိုင်ကျုံ ဇူလိုင် ၂၁**

ကရင်ပြည်နယ် ပိုင်ကျုံမြို့သည် လယ်ယာစိုက်ပျိုးရေးအပြင် ဒေသတွင်း စိုက်ပျိုးရေးတစ်ခုဖြစ်သည့် ဝဥစိုက်ပျိုးခြင်းကို ယနေ့အချိန်တွင် တစ်ပိုင်တစ်နိုင်သာမက ဈေးကွက်စီးပွားရေး အဖြစ်သို့ အသွင်ကူးပြောင်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပိုင်ကျုံမြို့တွင် ဝဥပင်များသည် သဘာဝအလျောက် ပေါက်သည့် အပင်မျိုးဖြစ်ပြီး ယခုအခါ သဘာဝ ဝဥပင်များ ရှားပါးလာသည့်အတွက် မိသားစု အပိုဝင်ငွေရရှိနိုင်ရန် အိမ်ခြံမြေဝင်းအတွင်း၌ လည်းကောင်း၊ ဥယျာဉ်ခြံမြေများ၌ သီးညှပ်စိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ သီးသန့်စိုက်ပျိုးမြေများ၌ လည်းကောင်း ပြန်လည်စိုက်ပျိုးကြရသည်။ စိုက်ပျိုးချိန်ကာလ တစ်နှစ်မှ သုံးနှစ်အထိ စိုက်ပျိုးရပြီး နှစ်ကာလကြာရှည်လေ ဝဥအထွက်နှုန်း ကောင်းမွန်လေ ဖြစ်သဖြင့် မြေဆီမြေဩဇာကောင်းမွန်သည့် မည်သည့်နေရာဒေသတွင်မဆို စိုက်ပျိုးနိုင်သည်။ ဝဥစိုက် တောင်သူများအနေဖြင့် စိုက်ပျိုးမြေတစ်ဧကလျှင် အပင်ရေပေါင်းနှစ်သောင်းအထိ စိုက်ပျိုးကြသည်။ စိုက်ပျိုးနည်းစနစ်အားဖြင့် နှစ်ပေ၊ တစ်ပေ အကွာအဝေးစနစ်ဖြင့် အပင်ကို အတန်းလိုက် စိုက်ပျိုးနိုင်ပြီး ထွက်ရှိနှုန်းမှာလည်း အပင်တစ်ပင်လျှင် ဥအမျိုးအစားတစ်လုံးရရှိကာ ယခုနှစ် ဝဥပေါ်ချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်ကြောင်း ဝဥစိုက်တောင်သူများထံမှ သိရသည်။



ပိုင်ကျုံမြို့ဒေသထွက် ဝဥအစိုများကို မိုးနိုင်းကျေးရွာရှိ ဝဥကုန်သည်များထံ ရောင်းချပေးလျက်ရှိကာ ဝဥအစိုများကို စိတ်ပြီး အခြောက်ပြုလုပ်ကာ ဝဥအခြောက်များကို ပိုင်ကျုံမြို့မှ တစ်ဆင့် ဘားအံမြို့ရှိပွဲရုံများသို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။ **နော်ခူး(ပြန်/ဆက်)**

# အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သောဆန်များကို ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်

**အောင်လံ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သောဆန်များကို ရေဝတီမြစ်ရေဝင်ရောက်သည့် သရက်တော၊ တရော်ကုန်း၊ စက်ရုံ၊ မကျီးကုန်းရပ်ကွက်များရှိ ရေဘေးရှောင်စခန်းများမှ ရေဘေးသင့်အိမ်ထောင်စုများအား ဇူလိုင် ၂၀ ရက်က ရေဘေးရှောင်စခန်းအသီးသီး၌ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် အောင်လံမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စု ၆၀၉ စု၊ လူဦးရေ ၂၁၆၀ အတွက် ဆန်အိတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ရေဘေးသင့်ရပ်ကွက်/ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**




# ညောင်ဦးမြို့၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် ရေလှူဒါန်း



**ညောင်ဦး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီက ညောင်ဦးမြို့နယ် စံပြကျေးရွာနှင့် ကောင်းပင်စည်(မ)တဲတိုက်ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ယနေ့နံနက်ပိုင်းက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီမှ ဦးအောင်ငြိမ်း ဦးဆောင်သော ကော်မတီအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် စံပြကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၂၀၀၊ ကောင်းပင်စည်(မ)တဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၂၀၀ စုစုပေါင်းရေဂါလန် ၄၄၀၀ ကို သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျွန်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီတွင် သစ်ပင်မျိုးစုံအပင် ၂၀၀၀၀ စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီတွင် သစ်ပင်မျိုးစုံအပင် ၂၀၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီစိုက်ပျိုးဖို့ သစ်ပင်မျိုးစုံအပင် ၂၀၀၀၀ ပျိုးထောင်ထားပြီး ဇွန်လကစတင်ကာ သတ်မှတ်နေရာများမှာ ဖြန့်ဝေစိုက်ပျိုးခဲ့ပါတယ်။ အခုအခါပျိုးပင်အားလုံးစိုက်ပျိုးပြီးဖြစ်ပြီး စိုက်ပျိုးပြီးတဲ့ သစ်ပင်တွေ အောင်မြင်ဖြစ်ထွန်းစေဖို့ မိမိတို့ဌာနနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေပူးပေါင်းပြီး ပြုစုစောင့်ရှောက်လျက်ရှိပါတယ်"ဟု ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးရန်အတွက် ကျွန်း ၂၀၀၀၊ တမာ ၅၀၀၀၊ ပျဉ်းကတိုး ၃၀၀၀၊ ခရေ ၄၀၀၀၊ စွယ်တော် ၃၀၀၀၊ ယူကလစ် ၃၀၀၀ စုစုပေါင်း ပျိုးပင်မျိုးစုံအပင် ၂၀၀၀၀ ပျိုးထောင်ခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ဒေးဒရဲမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ဒေးဒရဲ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပြည်သူများ သိရှိလိုက်နာရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဒေးဒရဲ တံတားလမ်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေးဒရဲမြို့နယ် ယာဉ်စစ်ဆေးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ယာဉ်စစ်ဆေးရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေးဒရဲမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု (၈၀)ရှိ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က မော်တော်ဆိုင်ကယ်စီးသူများ အရည်အသွေးပြည့်မီသော ဆိုင်ကယ်စီးဦးထုပ်များဆောင်းကာ မောင်းနှင်ခြင်း၊ မော်တော်ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်း၊ အရက်သေစာသောက်စား၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊ မော်တော်ယာဉ်မောင်းနှင်လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ခြင်းနှင့် မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပိုမောင်းနှင်ခြင်း ရှိ/မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



**အေဇာလင်း**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

*စာမျက်နှာ ၁၀ မှ*

အချုပ်အားဖြင့်ဆိုရလျှင် အသင်းအတွက် ဝင်ငွေတိုးတက်ရရှိအောင်လည်း ကြိုးစားဆောင်ရွက်နိုင်ခြင်း၊ မြို့နယ်အတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် ထွက်ရှိလာသည့် မြေပဲကဲ့သို့သော သီးနှံများအတွက် ဈေးကွက်ခိုင်မာမှုလည်း ရရှိနေခြင်း၊ အသင်း/အသင်းသားများအကျိုး ထောက်ပံ့ငွေများပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း၊ ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် မြေပဲဆီသန့်ကို ကျန်းမာရေးနှင့် ညီညွတ်စွာစားသုံးနိုင်ခြင်း၊ နိုင်ငံခြား ငွေသုံးစွဲမှုလျော့နည်းစေရေး တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေခြင်း စသည့် ဒေသခံပြည်သူများနှင့် နိုင်ငံတော်အတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပမာ ကောင်းကျိုးအလီလီဖော်ဆောင်ပေးနေသော ပြည်သူ့အကျိုးပြု မြို့နယ်သမဝါယမအသင်းစုဖြစ်သည့် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုကဲ့သို့ အောင်မြင်လျက်ရှိသည့် သမဝါယမအသင်းများ မြန်မာ့မြေဝယ် ရှင်သန်တည်ရှိလျက်ရှိနေပါကြောင်း မီးမောင်းထိုးပြလိုက်ပါရစေ။ ။

**ကိုးကား**

ညောင်ဦးမြို့နယ် သမဝါယမအသင်းစု၏ စာရင်းအချက်အလက်များ



ညောင်ဦးမြို့နယ် သမဝါယမအသင်းစု အနော်ရထာဆီစက်မှ ဆီကြိတ်ဆုံနှင့် ထုတ်လုပ်ရောင်းချသော ဆီဘူးများ။

# မင်းဘူးမြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး အောင်မြင်စွာဖွင့်လှစ်

**မင်းဘူး ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သာသနာရေးဆိုင်ရာ ပွဲအခမ်းအနားများကို မြို့အလယ်တွင် ခံ့ညားထည်ဝါစွာ ကျင်းပပြုလုပ်နိုင်ရန်တည်ဆောက်ခဲ့သည့် မင်းဘူးမြို့ ကျက်သရေဆောင် (RCနှစ်ထပ်ဆောင်) သာသနာ့ဗိမာန်တော်ကြီးကို ဇူလိုင် ၂၀ ရက်က အောင်မြင်စွာ ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

သာသနာ့ဗိမာန်တော်ကြီး ဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်(ဝါဆိုလပြည့်နေ့) က ကျင်းပရာ တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြပြီး ဖွင့်ပွဲတွင် အနောက်ပိုင်းလေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်းနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က သာသနာ့ဗိမာန်တော်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာ့ဗိမာန်တော်ကြီး၏ နဖူးစည်းစာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများက သာသနာ့ဗိမာန်အပေါ်ထပ်ခန်းမရှိ မဟာမြတ်မုနိကြေးသွန်းဘုရားကြီးအား အနေကဇာတင်ခြင်း၊ ညွှန့်ပရိသတ်များက ဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်ခြင်း၊ မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခြင်း၊ သာသနာ့ဗိမာန်တော်ကြီးဆောက်လုပ်ရာတွင် ပါဝင်လှူဒါန်းပေးခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

သာသနာ့ဗိမာန်တော်ကြီးကို သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ သာသနာရေးဆိုင်ရာ ပွဲအခမ်းအနားများကို ကျင်းပပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၄၆၇ ဒသမ ၉၃ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ်သန်း ၅၇၀ နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များက ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀၄ ဒသမ ၀၆ သန်းတို့ဖြင့် မင်းပူးဦးဩဘာသ မြို့နယ်ခန်းမဘေးရှိ မြေနေရာ ၁ ဒသမ ၅၃ ဧကတွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလက စတင်ဆောက်လုပ်ခဲ့ကြောင်း၊ သာသနာ့ဗိမာန်တော်ကြီး၏ အရွယ်အစားမှာ အလျားပေ ၁၈၀ x အမြင့် ပေ ၉၀ ရှိပြီး လူဦးရေ ၃၀၀ ဝင်ဆံ့သည့် (RC ကွန်ကရစ် နှစ်ထပ်ဆောင်) ဖြစ်ကာ မြန်မာမှုမြန်မာ့ဟန်လက်ရာများဖြင့် အောင်မြင်စွာဆောက်လုပ်နိုင်ခဲ့ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပြောသည်။

သာသနာ့ဗိမာန်တော်ကြီး ဆောက်လုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ပထမဆုံးအကြိမ် မြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအပြင် ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ အစိုးရပါဠိပထမပြန်စာမေးပွဲများ၊ စုဥ္ဇတွဲ့နှင်းသဘင် အခမ်းအနားများနှင့် ဓမ္မပူဇာသဘင် တရားပွဲများကိုလည်း ဆက်လက်ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# စစ်တွေမြို့၌ မိုးစပါးသီးနှံ ပန်းတိုင်အထွက်နှုန်း တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိ

**စစ်တွေ ဇူလိုင် ၂၁**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မိုးစပါးစိုက်နည်းစနစ်သုံးမျိုး ကွင်းသရုပ်ပြပွဲကို စစ်တွေမြို့ အနောက်စံပြရပ်ကွက် စံပြစိုက်ကွင်း၌ ဇူလိုင် ၂၁ ရက်က ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ပြည်နယ် ဝန်ကြီးချုပ်က ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးထုတ်လုပ်မှုသည် ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှုထက် ပိုလျှံပြီး ၁၄၃ ဒသမ ၈၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဒေသစားသုံးခြင်းထက် ပိုလျှံမှုများကို ပြည်နယ်ပြင်ပသို့ တင်ပို့ရောင်းချနိုင်ရန် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များရရှိရေး ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ မိုးစပါးသီးနှံစိုက်ဧကတိုးချဲ့ရန် အကန့်အသတ်များ ရှိနေသည့်အတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိုးစပါး ပန်းတိုင်အထွက်နှုန်းကို တစ်ဧကလျှင် တင်း ၁၀၀ နှင့်အထက် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်း မျိုးသန့်မျိုးစေ့များ သုံးစွဲခြင်း၊ ကောင်းမွန်သည့် စိုက်ပျိုးနည်းစနစ်များ ရွေးချယ်ကျင့်သုံးခြင်း၊ ဓာတ်မြေဩဇာများကို သဘာဝမြေဩဇာများနှင့် စနစ်တကျ ရောစပ်သုံးစွဲခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပေးသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရမည့်အပြင် မြေပြုပြင်ထွန်ယက်ရေး၊ ရိတ်သိမ်းခြွေလှေ့ရေးများအတွက် စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့အပြင် မိုးစပါးကို ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကြိုးတန်းဖြင့် အတန်းလိုက်စိုက်ပျိုးခြင်း၊ နည်းစနစ်များကို တောင်သူများ လက်တွေ့လေ့လာနိုင်စေရန်သရုပ်ပြပွဲတွင် ပညာပေးပြသမည်ဖြစ်၍ တောင်သူများအနေဖြင့် စိုက်ပျိုးနည်းစနစ်များအလိုက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ လိုက်နာရမည့်အချက်များ၊ ရှောင်ရန်အချက်များ၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များကို လေ့လာပြီး မိမိတို့စိုက်ပျိုးမည့် လယ်မြေများနှင့် ကိုက်ညီသည့် အကျိုးရှိနိုင်မည့် လုပ်ငန်းများကို ရွေးချယ်၍ လိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့မှသာ အထွက်နှုန်းကောင်း၍ အရည်အသွေးပြည့်မီသော ထွက်ကုန်များရရှိလာပြီး ပြည်နယ်တွင်းဖူလုံရုံသာမက ပြည်နယ်ပြင်ပသို့ တင်ပို့ရောင်းချခြင်း၊ ပြည်ပနိုင်ငံများသို့တင်ပို့နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပွားလာမည်ဖြစ်၍ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ တောင်သူများပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရန်လည်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မိုးစပါးစိုက်နည်းစနစ်သုံးမျိုး ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးစပါးစိုက် နည်းစနစ်သုံးမျိုးဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ မြေအသုံးချရေး၊ မျိုးစေ့နှင့်သီးနှံကာကွယ်ရေး ပြခန်းအတွင်း မျိုးစပါး အမျိုးအစားများ၊ စိုက်ပျိုးရေး သွင်းအားစုများ ခင်းကျင်းပြသထားမှုကိုလည်း လှည့်လည်ကြည့်ရှုသည်။ (ဓါတ်ပုံ)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းသော မျိုးစပါးများကို စိုက်ပျိုးနိုင်ရေး ဆွေးနွေးခဲ့သည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

# စလင်းမြို့နယ်၌ စိုက်ပျိုးဧက ၇၀၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းခင်း

**စလင်း ဇူလိုင် ၂၁**

စလင်းမြို့နယ် ပေါင်းတူးကျေးရွာအုပ်စု ပေါင်းတူး(တ) ကျေးရွာ၌ လယ်ဧက ၇၀၀ ကျော်အတွက် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာများအဖွဲ့က ဇူလိုင် ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာများက ပေါင်းတူး(တ) ကျေးရွာလမ်း ကော်မတီဝင်များ၊ တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ လမ်းအရှည် ၂ မိုင်၌ အကျယ် ၁၂ ပေ ကျေးလက်ကုန်ထုတ်လမ်းခင်းနေမှုကို တိုင်းတာစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။



အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၅ ဒသမ ၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ဇွန်လမှစ၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးပါက ပေါင်းတူး(တ) ကျေးရွာနှင့် ပေါင်းတူး(မ)ကျေးရွာမှ လယ်သမားများ၏ လယ်ဧက ၇၀၀ ကျော်မှ ထွက်ရှိသော လယ်ယာထွက်ကုန်များကို အလေအလွင့်နည်းပါးစွာဖြင့် ဈေးကွက်သို့ သယ်ယူရောင်းချနိုင်မည်ဖြစ်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းစိုး**

# နိုင်ငံတကာ ရာမာယဏပွဲတွင် ဖျော်ဖြေသည့် သဘင်အနုပညာရှင်အဖွဲ့ ပြန်လည်ရောက်ရှိ

**မန္တလေး ဇူလိုင် ၂၁**

ထိုင်းဘုရင်မင်းမြတ်၏ (၇၂) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇူလိုင် ၉ ရက်မှ ၁၆ ရက်အထိ ကျင်းပသော နိုင်ငံတကာရာမာယဏပွဲတော်သို့ မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ သဘင်အနုပညာရှင်များ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်တင်ဆက်ဖျော်ဖြေခဲ့ရာ ဇူလိုင် ၁၇ ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ ရာမာယဏအနုပညာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံ သဘင်အစည်းအရုံးနာယက ဦးခင်ရွှေ (သီရိရာမ)၊ ရွှေမန်းဦးချမ်းသာ၊ အတွင်းရေးမှူးဦးနေဝင်း၊ ဒေါ်ခိုင်သဇင်သင်းတို့က ကြီးကြပ်ပေးပြီး ရာမအဖြစ် လဝန်းအောင်၊ လက္ခဏအဖြစ် ဝင်းနောင်၊ ဒသဂီရိအဖြစ် ဇော်ဦး၊ သီတာဒေဝီအဖြစ် ငြိမ်းချမ်းခိုင်နှင့် အခြား အနုပညာရှင်များ ပါဝင်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# နည်းပညာပြဿနာကြောင့် ဝင်းဒိုးစက်ကိရိယာရှစ်သန်းခွဲခန့် ထိခိုက်ခဲ့ကြောင်း မိုက်ခရိုဆော့ဖ် ပြောကြား

တိုကျို ဇူလိုင် ၂၁

**လုံခြုံရေးဆော့ဖ်ဝဲအပ်ဒိတ်ကြောင့် ကွန်ရက်ပြတ်တောက်မှုသည် ခန့်မှန်းခြေ ဝင်းဒိုးစက်ကိရိယာပစ္စည်း ရှစ်သန်းခွဲကို ထိခိုက်ခဲ့သည်ဟု မိုက်ခရိုဆော့ဖ်ကုမ္ပဏီက ပြောကြားသည်။ ဇူလိုင် ၁၉ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါ ပြတ်တောက်မှုကြောင့် ဥရောပ၊ အာရှနှင့် အမေရိကန်ရှိ လေကြောင်းလိုင်းများ၊ အရှေ့ အလယ်ပိုင်းရှိ ဆေးရုံများနှင့် ဗြိတိန်ရှိ ရုပ်မြင်သံကြားဌာနတို့လည်း ထိခိုက်ခဲ့သည်။**



အမေရိကန် ဆိုက်ဘာလုံခြုံရေးကုမ္ပဏီ ခရောက်ဒ်စထရိုက်က ဝင်းဒိုးစနစ်အတွက် ဖယ်လ်ကွန် လုံခြုံရေးဆော့ဖ်ဝဲအပ်ဒိတ်တစ်ခု လုပ်ဆောင်လိုက်ခြင်းကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဝင်းဒိုးစက်အားလုံး၏ ၁ ရာခိုင်နှုန်းအောက်သာ ထိခိုက်ခဲ့ကြောင်း မိုက်ခရိုဆော့ဖ်က ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

မည်သို့ပင် ရာခိုင်နှုန်းနည်းသော်လည်း အရေးကြီးသောဝန်ဆောင်မှုများစွာကို လုပ်ဆောင်သည့် လုပ်ငန်းများမှ ခရောက်ဒ်စထရိုက်ကို အသုံးပြုခြင်းကြောင့် ကြီးမားသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်ကို ပြသနေကြောင်း ၎င်းတို့ကဆိုသည်။

**အင်န်အိတ်ချ်ကေ**



# ထိုင်းနှင့် လာအိုနိုင်ငံသို့ ဆက်သွယ်ထားသော တိုက်ရိုက်ရထားလိုင်း စတင်ပြေးဆွဲ

**ဘန်ကောက် ဇူလိုင် ၂၁**

ထိုင်းနှင့် လာအိုနိုင်ငံ မြို့တော်တို့သည် ၎င်းတို့၏ပထမဆုံးတိုက်ရိုက် ခရီးသည်တင်ရထားပြေးဆွဲမှုကို စတင်လိုက်ပြီ ဖြစ်သည့်အတွက် နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းတိုးတက်ရန် မျှော်လင့်ချက်များ မြင့်တက်လာခဲ့ပြီဖြစ်သည်။

ဘန်ကောက်နှင့် ဗီယင်ကျန်းမြို့ကြား ထိုင်း - လာအိုရထားလမ်းသစ်ကို သောကြာနေ့တွင် တရားဝင် စတင်လိုက်ခြင်းဖြစ်သည်။ ပထမဆုံးရထားသည် ဘန်ကောက်မြို့မှ ည ၉ နာရီတွင် ထွက်ခွာခဲ့ပြီး စနေနေ့ နံနက် ၈ နာရီခွဲတွင် နယ်စပ်မြို့တစ်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ပြီးနောက် အဆိုပါရထားသည် မဲခေါင်မြစ်ကိုဖြတ်ကာ လာအိုနိုင်ငံသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် မိနစ် ၃၀ ခန့်အကြာတွင် လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ရထားပေါ်မှ ဆင်းလာသော ခရီးသည်များကို လည်ပင်းတွင် ပန်းကုံးများစွပ်ကာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် ထိုင်းအမျိုးသားတစ်ဦးက သာယာသည့် ခရီးစဉ်တစ်ခုဖြစ်ပြီး လာအိုသို့ လာရောက်လည်ပတ်ရသည်မှာ ပိုမိုလွယ်ကူလာသည့်အတွက် ဝမ်းမြောက်မိကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ၌ တံတားပြိုကျ၊ ၁၂ ဦး သေဆုံးပြီး ၃၁ ဦး ပျောက်ဆုံးနေ

**ရှီအန်း ဇူလိုင် ၂၁**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်းစီပြည်နယ်၌ ဇူလိုင် ၁၉ ရက် ညနေပိုင်းက အဝေးပြေးလမ်း တံတားပြိုကျမှု ဖြစ်ပွားခဲ့ရာ ရေကြီးရေလျှံဖြစ်နေသည့် မြစ်အတွင်းသို့ မော်တော်ယာဉ်များ နစ်မြုပ်သွားပြီး ထောင်နှင့်ချီသည့် ကယ်ဆယ်ရေးလုပ်သားများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများက ပျောက်ဆုံးနေသူများကို ကြိုးစားရှာဖွေနေကြသည်။ ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂ နာရီအထိ ကျွမ်းကျင်သည့် ကယ်ဆယ်ရေးလုပ်သားပေါင်း ၁၆၃၀ က ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်နေကြသည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။

တံတားပြိုကျမှုကြောင့် ၁၂ ဦး သေဆုံးခဲ့ပြီး ၃၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ကားအစီးရေ ၂၀၅ စီး၊ ရေယာဉ် ၆၃ စင်း၊ ဒရုန်း ၈၂ စင်း၏ အကူအညီဖြင့် တံတားပြိုကျသည့်နေရာမှ မြစ်အောက်ပိုင်းသို့ ရှာဖွေမှုများ ပြုလုပ်နေသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ဒေသခံပေါင်း ၁၅၀၀ ကျော် ပူးပေါင်းပါဝင်လျက်ရှိသည်။ ရန်ပင်ကျေးရွာ အမှတ်၂ တံတားသည် ဇူလိုင် ၁၉ ရက် ည ၈ နာရီခန့်က ပြိုကျခဲ့ခြင်းဖြစ်သည်။ ဇူလိုင် ၁၉ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ကျင်းချန်းမြစ်တွင် ရုတ်တရက် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့သည်။

**ဆင်ဟွာ**



# အေသင်မြို့လေဆိပ်၌ လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်မှုပြုလုပ်ရ

**အေသင် ဇူလိုင် ၂၁**

ခရီးသည် ၂၃၃ ဦးကို တင်ဆောင်လာသည့် လေယာဉ်တစ်စင်းသည် ဇူလိုင် ၁၉ ရက်က အေသင်မြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ပြည်တွင်းမီဒီယာတွင် ဇူလိုင် ၂၀ ရက်က ဖော်ပြထားသည်။ ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ အားလုံးမှာ ဘေးကင်းလုံခြုံကြောင်း သိရသည်။ အဆိုပါလေယာဉ်မှာ လန်ဒန်မြို့မှ ထွက်ခွာလာပြီး ဂရိနိုင်ငံ ခရီတီကျွန်းရှိ ချာနီယာလေဆိပ်သို့ ဦးတည်ပျံသန်းလာသည့် လေယာဉ်ဖြစ်သည်။

ဟိုက်ဒရောလစ်စနစ်တွင် ပြဿနာများရှိကြောင်း သိရှိရပြီးနောက် အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်မှာ ဇူလိုင် ၁၉ ရက်က ဖြစ်ပွားခဲ့သည့် တစ်ကမ္ဘာလုံးဆိုင်ရာ နည်းပညာပြတ်တောက်မှုပြဿနာနှင့်ဆက်စပ်မှုမရှိကြောင်း ဂရိအာဏာပိုင်များက ပြောသည်။ အေသင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နည်းပညာပြတ်တောက်မှုကြောင့် အသေးစားပြဿနာများနှင့် ကြုံတွေ့ခဲ့ရပြီး ခရီတီကျွန်းရှိ ဟီရာကလိုင်ယွန်းလေဆိပ်တွင် အနည်းဆုံး လေကြောင်းခရီးစဉ် ရှစ်ခု နှောင့်နှေးကြန့်ကြာမှုဖြစ်ခဲ့ရကြောင်း ဒေသအာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံရှိ ရေဘေးသင့်ပြည်နယ်သုံးခုကို ထောက်ပံ့ရန် ယွမ်ငွေ သန်း ၃၅၀ ခွဲဝေ

**ပေကျင်း ဇူလိုင် ၂၁**

ရေကြီးမှုဒဏ်ခံနေရသော ဟဲနန်၊ ရှန်းစီနှင့် စီချွမ်ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ဆောင်မှုများအတွက် ဗဟိုအစိုးရဘတ်ဂျက်မှ ယွမ်သန်း ၃၅၀ (အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၀၈ သန်းခန့်) ကို ခွဲဝေချထားပေးခဲ့ကြောင်း ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါရန်ပုံငွေများကို ပြည်နယ် သုံးခုရှိ ရေဘေးကြောင့် ပျက်စီးသွားသော ကျောင်းများ၊ ဆေးရုံများ၊ ပြင်ဆင်ခြင်းနှင့် ပြည်နယ်သုံးခုတွင် အရေးပေါ် ပြန်လည်ထူထောင်ရေးရန်ပုံငွေအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်ထံမှ သိရသည်။

အမျိုးသားမိုးလေဝသဌာနသည် မိုးသက်မုန်တိုင်းများအတွက် အပြာရောင်သတိပေးချက်ကို ဆက်လက် ထုတ်ပြန်ထားပြီး မြို့ကြီးများ၊ လယ်ယာမြေများနှင့် ငါးကန်များတွင် သင့်လျော်သော ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန်နှင့် ရေနုတ်မြောင်းများ စစ်ဆေးရန် ဒေသန္တရအစိုးရများကို အကြံပြုထားသည်။

**ဆင်ဟွာ**

# ဟူသီဒုံးကျည်များကို အစ္စရေးကြားဖြတ်ဟန့်တား

**ဂျေရုဆလင် ဇူလိုင် ၂၁**

ယီမင်တပ်ဖွဲ့များနှင့် အစ္စရေးတို့ကြား တင်းမာမှုများ မြင့်တက်နေချိန် အီလတ်အပန်းဖြေမြို့ကို ပစ်မှတ်ထားတိုက်ခိုက်သည့် ဟူသီတို့၏ ဒုံးကျည်များကို ပင်လယ်နီတွင် ကြားဖြတ်ဟန့်တားခဲ့ကြောင်း အစ္စရေးတပ်မတော်က ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့သည် အဲရိုးသရီး လေကြောင်းကာကွယ်ရေးစနစ်ကို အသုံးပြု၍ အစ္စရေး ပိုင်နက်အတွင်းသို့ ယီမင်မှပစ်လွှတ်သည့် မြေပြင်ပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး အစ္စရေးပိုင်နက်အတွင်းသို့ပင် ဝင်ရောက်ခဲ့ခြင်းမရှိကြောင်း အစ္စရေးတပ်မတော်၏ သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

# ပါကစ္စတန်၌ ပိုလီယိုရောဂါဖြစ်ပွားသူ ကိုးဦးအထိ ရှိလာ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၁**

ပါကစ္စတန်အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်ရှိ ကလေးတစ်ဦးတွင် ပိုလီယိုဗိုင်းရပ်စ်ရောဂါပိုး စစ်ဆေးတွေ့ရှိသည့်အတွက် ယခုအခါတွင် ပိုလီယိုရောဂါကူးစက်ခံရသူပေါင်း ကိုးဦးအထိရှိလာကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။ ပိုလီယိုအရိုင်းပိုး အမျိုးအစား ၁ ကို အဆိုပါပြည်နယ် ဇှော့ဘ်ခရိုင်ရှိ အသက် ၁၈ လအရွယ် ကလေးတစ်ဦးထံမှ ရယူထားသော နမူနာတွင် တွေ့ရှိခြင်းဖြစ်ကြောင်း၊ ပိုလီယိုရောဂါဖြစ်ပွားသူ ကိုးဦးအနက် ခုနစ်ဦးမှာ ဘာလိုချီစတန်ပြည်နယ်မှ ဖြစ်ကြောင်း သိရသည်။ ကလေးငယ်များကို ခြိမ်းခြောက်လျက်ရှိသော ပိုလီယိုဗိုင်းရပ်စ်မှာ ခရိုင် ၅၀ ကျော်ကို ပျံ့နှံ့နေပြီဖြစ်သည်။ **ဆင်ဟွာ**

# ပြိုင်ဘက်တွေကို ပြင်းပြင်းထန်ထန် ပြောဆိုတိုက်ခိုက်ပြီး လုပ်ကြံမှုက လွတ်မြောက်လာတဲ့ သမ္မတဟောင်းထရမ့်

*ထွန်းကျော်*

အမေရိကန်ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့မှာ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုခံရပြီးနောက် အသက်ဘေးမှ ကံကောင်းထောက်မစွာ လွတ်မြောက်လာခဲ့တဲ့ ဒေါ်နယ်ထရမ့်ဟာ သီတင်းပတ်တစ်ပတ်ကြာပြီးနောက်မှာ သူ့ရဲ့ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု လမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ သူ့ရဲ့အဓိက ဒီမိုကရက်တစ်ပြိုင်ဘက်တွေဖြစ်တဲ့ ဂျိုးဘိုင်ဒင်နဲ့ ကမ်မလာ ဟားရစ်တို့ကို မီချီဂန်ပြည်နယ် ဂရန်းရက်ပစ်မြို့မှာ စနေနေ့က ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ပါတယ်။

**လုပ်ကြံမှုကို ကြောက်စရာကောင်းတဲ့ ဖြစ်ရပ်အဖြစ်ပြောကြား**

တုန်လှုပ်ချောက်ချားဖွယ် သေနတ်ပစ်ခတ်မှုအပြီး သူ့ရဲ့ပထမဆုံး မဲဆွယ်စည်းရုံးမှုနဲ့ သူ့ရဲ့ ပြိုင်ပွဲဝင်အသစ် အိုဟိုင်းယိုးပြည်နယ် လွှတ်တော်အမတ်ဂျေဒီ ဗန့်စ်နဲ့ပွဲမှာ ထရမ့်ဟာ နားပတ်တီးကြီးစည်းပြီး စင်ပေါ်တက်ခဲ့ပါတယ်။ လုပ်ကြံမှုကို ကြောက်စရာကောင်းတဲ့ ဖြစ်ရပ်တစ်ခုအဖြစ် ပြောကြားခဲ့ပြီး ဘုရားသခင်ရဲ့ ဂုဏ်တော်ကျေးဇူးတော်ကြောင့် ထောက်ခံသူများရဲ့ ရှေ့မှာ အခုလို ရပ်နေနိုင်ခဲ့တာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီနေရာမှာ ရှိမနေသင့်ပါဘူး။ ဒါပေမယ့် ရင်ဆိုင်ကြရအောင်။ ထူးခြားတာတစ်ခုခုတော့ဖြစ်လာမှာပါလို့ သူက ပြောကြားခဲ့ပါတယ်။

ခေါင်းကိုဖြတ်ပြီး နားရွက်ကို ကျည်ဆန်မထိခင် သူ့ခေါင်းက နယ်စပ်ဖြတ်ကျော်ဇယားကွက်တစ်ခုကို ကြည့်မိလိုက်တဲ့အတွက် အသက်မသေလိုက်တာဖြစ်ကြောင်း၊ ဒါကြောင့် လူဝင်မှုကြီးကြပ်ရေးအပေါ် အကြွေးတင်ခဲ့ကြောင်း ထရမ့်က ပြောပါတယ်။ ဒါကိုဘယ်တော့မှ ထပ်ပြီး ခံစားနေမှာ မဟုတ်ပါဘူးလို့လည်း သူကထပ်ပြောလိုက်ပါသေးတယ်။ သူ့ရဲ့ ပြိုင်ဘက်တွေက သူ့ကိုဒီမိုကရေစီအတွက် ခြိမ်းခြောက်မှု တစ်ခုလို့ ပြောလိုက်သော်လည်း သူကတော့ ဒီမိုကရေစီအတွက် ကျည်တစ်တောင့်လို့ ပြောလိုက်ပါတယ်။

**ဘိုင်ဒင်ကို သက်ကျားအိုအဖြစ် လှောင်ပြောင်ခေါ်ဆို**

ဒီမိုကရက်တစ် ပါတီကြားမှာ ခေါင်းဆောင်မှုပိုင်း ရှုပ်ထွေးပြီး ပရမ်း




**ထရမ့်ဟာ သူ့ရဲ့ ပြောနေကျအကြောင်းအရာတွေဖြစ်တဲ့ လျှပ်စစ်ကားတွေ၊ နေရပ်ပြန်ပို့ရေးကိစ္စတွေကို အကြီးအကျယ်လုပ်ဆောင်မယ်လို့ ပြောခဲ့ပါတယ်။ အထူးသဖြင့် လူဝင်မှုကြီးကြပ်ရေးနဲ့ပတ်သက်ပြီး သူ့ရဲ့ပြင်းထန်တဲ့စကားလုံးတွေနဲ့ တိုက်ခိုက်ပြောဆိုခဲ့ပြီး လက်ယာဝါဒီပူးပေါင်းကြံစည်မှု သီအိုရီများကို ပွဲတင်ထပ်စေတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေကိုလည်း ဆိုးဆိုးရွားရွား အသုံးအနှုန်းတွေနဲ့ တိုက်ခိုက်ပြောကြားခဲ့ပါတယ်**

ပတာဖြစ်နေတာကို ရည်ညွှန်းပြီး သူတို့ရဲ့ သမ္မတလောင်းအဖြစ် ဘယ်သူ့ကို ရွေးရမလဲဆိုတာ မစဉ်းစားနိုင်သေးဘူး။ မိမိတို့လည်း အတူတူပါပဲလို့ ထရမ့်က ပြောကြားလိုက်ပါတယ်။ ဘိုင်ဒင်ကို ချည့်နဲ့နေတဲ့ သက်ကျားအိုအဖြစ်လည်း လှောင်ပြောင် ခေါ်ဆိုလိုက်ပါသေးတယ်။

ထရမ့်ဟာ သူ့ရဲ့ မိန့်ခွန်းမှာတော့ နောက်နောက်ပြောင်ပြောင်နဲ့ စိတ်ကောင်းရှိရှိပုံစံမျိုးနဲ့ လှိုင်းလုံးကြီးတွေ ဝင်လာတာကို ကြည့်ရင်း ပျင်းစရာကောင်းတဲ့ ကမ်းခြေမှာ ထိုင်နေရတာထက် မီချီဂန်မှာ ရှိနေရတာကို ပိုပြီးသဘောကျတယ်ဆိုပြီး ဒယ်လာဝဲလ်ကမ်းခြေစံအိမ်မှာ နေနေတဲ့ ကိုဗစ်-၁၉ ကူးစက်မှုကနေ နာလန်ထလာတဲ့ ဘိုင်ဒင်ကိုထေ့တေ့တေ့ ပြောကြားလိုက်ပါသေးတယ်။

**နားရွက်ထိပ်ပိုင်းလေးကိုထိပြီး ဒဏ်ရာရခဲ့**

စနေနေ့က ထရမ့်ရဲ့မဲဆွယ်စည်းရုံးပွဲမှာ သူ့ရဲ့အဖွဲ့ဟာ သူ့ရဲ့ဒဏ်ရာနဲ့ ပတ်သက်ပြီး သတင်းထုတ်ပြန်ခဲ့ပါတယ်။ ထရမ့်ရဲ့ အိမ်ဖြူတော်သမားတော်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ တက္ကဆက်ပြည်နယ်ကိုယ်စားလှယ် ရွန်းနီဂျက်ဆင်က ခရစ်ရဲ့ သေနတ်က ထွက်လာတဲ့ ကျည်ဆန်ဟာ သူ့ခေါင်းထဲကိုဝင်ဖို့ အနည်းငယ်ပဲလိုတော့တယ်။ ကံသီပေလို့ နားရွက်ထိပ်ပိုင်းလေးကို ထိပြီး နှစ်စင်တီမီတာလောက်ပဲ ဒဏ်ရာရခဲ့တာလို့ ပြောခဲ့ပါတယ်။

ဒဏ်ရာကိုကုသနေကြောင်း ဂျက်ဆင်က ပြောပါတယ်။ သို့သော်လည်း သမ္မတဟောင်းဟာ သွေးထွက်နေပါသေးတယ်။ ဒဏ်ရာကျက်ဖို့လိုသေးပေမယ့် ချုပ်ဖို့လောက်ထိတော့ မလိုသေးပါဘူးလို့ သူက ဆက်ပြောပါတယ်။

မီချီဂန်မှာတော့ သမ္မတဟောင်းဟာ အပြတ်အသတ်အနိုင်ရမယ်လို့ ခန့်မှန်းခဲ့ပါတယ်။ သူ့အနေနဲ့ ဒုတိယသမ္မတလောင်း ကမ်မလာဟားရစ်ကို အနိုင်ယူရမလား၊ ဘိုင်ဒင်ကိုပဲ အောင်ပွဲခံရမလားဆိုပြီး သူ့ရဲ့ထောက်ခံသူတွေကို မေးလိုက်ပါတယ်။ သို့သော်လည်း မီချီဂန်အုပ်ချုပ်ရေးမှူး ဂရက်ချန်ဝှစ်မာနဲ့ ယှဉ်ပြိုင်ရရင် ပျော်မိမှာပဲလို့ သူကပြောပါတယ်။

**နေရပ်ပြန်ပို့ရေးကိစ္စတွေကို လုပ်ဆောင်မယ်လို့ပြောခဲ့**

ထရမ့်ဟာသူ့ရဲ့ ပြောနေကျအကြောင်းအရာတွေဖြစ်တဲ့ လျှပ်စစ်ကားတွေ၊ နေရပ်ပြန်ပို့ရေးကိစ္စတွေကို အကြီးအကျယ်လုပ်ဆောင်မယ်လို့ ပြောခဲ့ပါတယ်။ အထူးသဖြင့် လူဝင်မှုကြီးကြပ်ရေးနဲ့ပတ်သက်ပြီး သူ့ရဲ့ ပြင်းထန်တဲ့ စကားလုံးတွေနဲ့ တိုက်ခိုက်ပြောဆိုခဲ့ပြီး လက်ယာဝါဒီပူးပေါင်းကြံစည်မှု သီအိုရီများကို ပွဲတင်ထပ်စေတဲ့ ရွှေ့ပြောင်းနေထိုင်သူတွေ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေကိုလည်း ဆိုးဆိုးရွားရွား အသုံးအနှုန်းတွေနဲ့ တိုက်ခိုက်ပြောကြားခဲ့ပါတယ်။

ထရမ့်ရဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းအပါအဝင် ထရမ့်ရဲ့ ဒုတိယသမ္မတရာထူး သက်တမ်းကို ရေးရိုးစွဲ အမွေအနှစ်ဖောင်ဒေးရှင်းရဲ့ အစွန်းရောက်ကြေညာချက် ၂၀၂၅ က လွှမ်းမိုးနေတယ်ဆိုတဲ့ စွပ်စွဲချက်ကိုလည်း ပြန်လည်ချေပပြောကြားခဲ့ပါတယ်။

အဆိုပါစာတမ်းကို လက်ယာစွန်းဝါဒကို အလွန်ကျင့်သုံးပြီး အလွန်ရှေးရိုးဆန်တဲ့ အစွန်းရောက်လက်ဝဲဆန့်ကျင်ဘက်သမားတွေက ထုတ်ခဲ့တာဖြစ်ပြီး မိမိအနေနဲ့ ဘာမှမသိသလို ဘာမှလည်း မသိချင်ဘူးလို့ ထရမ့်ကပြောပါတယ်။

**ပစ်ခတ်လုပ်ကြံမှုဟာ အဟန့်အတားမဖြစ်စေခဲ့**

ထရမ့်ကို ပစ်ခတ်လုပ်ကြံမှုဟာ ထရမ့်ရဲ့ ပရိသတ်တွေကို အနှောင့်အယှက်အဟန့်အတား မဖြစ်စေခဲ့ပါဘူးလို့ မီချီဂန်ပြည်နယ် ကန့်ခရိုင်ရဲ့ ရီပတ်ပလစ်ကန်ပါတီ ဥက္ကဋ္ဌ ဂျွန်စကောက်က မီချီဂန် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်မှာ ပြောလိုက်ပါတယ်။

မီချီဂန်ပြည်နယ်ဟာ ထရမ့်နဲ့ ဘိုင်ဒင်တို့အတွက် လက်တစ်ဆုပ်စာအောင်မြင်ရမယ့် ပြည်နယ်တွေထဲက တစ်ခုဖြစ်ပါတယ်။ မကြာသေးမီကပျမ်းမျှစစ်တမ်းတစ်ခုမှာတော့ ထရမ့်ဟာ ဘိုင်ဒင်ကို ၄ ရာခိုင်နှုန်းအသာနဲ့ ဦးဆောင်နေတာဖြစ်ပါတယ်။ နိုင်ငံအဆင့်မှာလည်း ထရမ့်ဟာ ဘိုင်ဒင်ကို ဦးဆောင်နေခဲ့ပါတယ်။

❖ **ခေါင်းကိုဖြတ်ပြီး နားရွက်ကို ကျည်ဆန်မထိခင် သူ့ခေါင်းက နယ်စပ်ဖြတ်ကျော်ဇယားကွက်တစ်ခုကို ကြည့်မိလိုက်တဲ့အတွက် အသက်မသေလိုက်တာဖြစ်ကြောင်း၊ ဒါကြောင့် လူဝင်မှုကြီးကြပ်ရေးအပေါ် အကြွေးတင်ခဲ့ကြောင်း ထရမ့်က ပြောပါတယ်**

❖ **ထရမ့်ဟာ သူ့ရဲ့မိန့်ခွန်းမှာတော့ နောက်နောက်ပြောင်ပြောင်နဲ့ စိတ်ကောင်းရှိရှိပုံစံမျိုးနဲ့ လှိုင်းလုံးကြီးတွေ ဝင်လာတာကိုကြည့်ရင်း ပျင်းစရာကောင်းတဲ့ ကမ်းခြေမှာ ထိုင်နေရတာထက် မီချီဂန်မှာရှိနေရတာကို ပိုပြီးသဘောကျတယ်ဆိုပြီး ဒယ်လာဝဲလ်ကမ်းခြေစံအိမ်မှာနေနေတဲ့ ကိုဗစ်-၁၉ ကူးစက်မှုကနေ နာလန်ထလာတဲ့ ဘိုင်ဒင်ကိုထေ့တေ့တေ့ ပြောကြားလိုက်ပါသေးတယ်**

**ကိုးကား - စီအင်န်အင်န်**

# TGL-7မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ရန်နိုင်ထွန်းက နီရန်(ထိုင်း)ကို အလဲထိုးအနိုင်ယူ



**ရန်ကုန် ဇူလိုင် ၂၁**

The Great Lethwei TGL–7 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရေကူးစတူဒီယို၌ ယနေ့ညနေပိုင်းက တွဲဆိုင်းရှစ်ဆိုင်းဖြင့် ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲငါးချီစိန်ခေါ်ပွဲ မစ်ဒယ်ဝိတ်တန်းတွင် ပထမတန်း လက်ဝှေ့ကျော် ကျော်စွာဝင်း (မြန်မာ)နှင့် ဘရတ်ပတ်စ်တိုး(အမေရိကန်) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ကျော်စွာဝင်းထက် ဘရတ်ပတ်စ်တိုးက အရပ်မြင့်ပြီး ထိုးရခက်ခဲ့သည်။ ပဉ္စမအချီအထိ နှစ်ဦးစလုံး သူတင်ကိုယ်တင် ထိုးကြရာ ပူးတွဲသရေကျခဲ့သည်။

ဝယ်လ်တာဝိတ်တန်းတွင် ရန်နိုင်ထွန်းနှင့် နီရန်(ထိုင်း)တို့ ယှဉ်ပြိုင်ရာ နှစ်ဦးစလုံး ပထမအချီနှင့် ဒုတိယအချီတွင် လက်ရည်အမှားစောင့်ခဲ့ကြသည်။

တတိယအချီတွင် ရန်နိုင်ထွန်း၏ လက်သီးများ တရစပ်ထိုးခဲ့ရာ နီရန် အနားတောင်းခဲ့ရပြီး တတိယအချီမှာပင် ရန်နိုင်ထွန်း၏လက်သီးတွဲလုံးများကြောင့် နီရန်မျက်နှာ ထိမိကာ ပြန်မထနိုင်၍ အရှုံးပေးလိုက်ရသည်။

ထို့ပြင် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် ငါးချီစိန်ခေါ်ပွဲများဖြစ်သည့် လိုက်ဝိတ်တန်းတွင် အောင်ထက်ဟိန်းနှင့် သွေးလင်းထက်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ စတုတ္ထအချီတွင် အောင်ထက်ဟိန်း ဒဏ်ရာအနာတရရကာ သွေးလင်းထက် အနိုင်ရရှိသွားသည်။ ဝယ်လ်တာဝိတ်တန်းတွင် စောဘဟိန်းနှင့် ရဲလင်းဦးတို့ တစ်ဦးနှင့်တစ်ဦး အမှားမခံ ထိုးသတ်ကြရာသရေကျခဲ့သည်။ လိုက်ဝယ်လ်တာဝိတ်တန်းတွင် လော်ကွာဒူးလက်သီးထိုးချက်ကြောင့် ဒုတိယအချီတွင် ဂျိုးဖြူးနစ်ကြိမ် အနားတောင်းခဲ့ရသည်။ တတိယအချီမှ ပဉ္စမအချီအထိ ဂျိုးဖြူးက လော်ကွာဒူးကို အသာစီးဖြင့် ကစားခဲ့ရာ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

လေးချီ လိုက်ဝိတ်တန်းတွင် ထူးစေးဝါးနှင့် ကျားရိုင်းတို့ တစ်ဦးနှင့်တစ်ဦး အမှားမခံဘဲ ထိုးသတ်သော်လည်း သရေကျခဲ့သည်။ သုံးချီပြိုင်ပွဲများဖြစ်သည့် လိုက်ဝိတ်တန်းတွင် အာဖရိကနှင့် မဟာသွေးပွဲတွင် သူတစ်ပြန် ကိုယ်တစ်ပြန် ထိမိကာ ပူးတွဲသရေဖြစ်ခဲ့ပြီး ဖယ်သာဝိတ်တန်း၌ ရဲမင်းထက်နှင့် လာကပေါ်တို့ပွဲတွင် တိုက်စစ်ဖွင့် ကစားကြကာ သရေကျခဲ့သည်။

**အာကာစိုး**

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာနှင့် လာအို တစ်ဂိုးစီသရေကျ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၂၄ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းနှင့် လာအိုအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ချေပဂိုးကြောင့် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာပြီး ၁၆ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က ဂိုးစတင်သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းနောက်ပိုင်းတွင် ဂိုးထပ်မံရရှိနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် လာအိုအသင်းက ချေပဂိုးရရန် အားထည့်လာပြီး ၈၂ မိနစ်တွင် ဗန်သာဗောင်က ဂိုးပြန်သွင်းခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် ဩစတြေးလျအသင်းက ဗီယက်နမ်အသင်းကို ခြောက်ဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(ခ)တွင် နှစ်ပွဲစီကစားအပြီး၌ ဩစတြေးလျအသင်းက ခြောက်မှတ်၊ မြန်မာအသင်းက နှစ်မှတ်၊ ဗီယက်နမ်နှင့် လာအိုအသင်းတို့က တစ်မှတ်စီရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ–MFF**



မြန်မာနှင့် လာအိုအသင်း ယှဉ်ပြိုင်စဉ်။

# MNL ယူ-၂၀ လိဂ်တွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၂၄ ရာသီ MNL ယူ–၂၀ လူငယ် လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဇူလိုင် ၂၁ ရက်က ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဇယားထိပ်ဆုံးတွင် အမှားအယွင်းမရှိ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ခုနစ်ပွဲကစားအပြီးတွင် ခြောက်ပွဲမြောက်နိုင်ပွဲရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅၊ ၅၈၊ ၆၈ မိနစ်တွင် ဟိန်းသန့်၊ မိနစ် ၄၀ တွင် မျိုးမင်းခန့်တို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၈မိနစ်တွင် ထက်ဝေယံစိုးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ဟိန်းသန့်က ရရှိသည်။ စလင်းကွင်း၌ ကျင်းပသည့် ပွဲတွင် ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ၅၃ မိနစ်တွင် ကျော်ထူးအောင်က သစ္စာအားမာန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၉၀+၄ မိနစ်တွင် ကောင်းခန့်ဇော်က ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် Junior Lions အသင်း ဂိုးမရှိသရေကျခဲ့သည်။ **ရဲရင့်လွင်**



ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

❍ *ကျောဖုံးမှ*

အနိုင်ရခဲ့သည်။ ပွဲစဉ်(၂) အပြီးတွင် နှစ်ပွဲဆက် အနိုင်ရထားသည့် သုံးသင်းအနက် ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့သလို တစ်ဂိုးစီသရေကျခဲ့သဖြင့် သုံးပွဲဆက်အနိုင်ရသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ဇယားထိပ်ဆုံးနေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းသည် ကျော်ကိုကို၊ ဟိန်းသီဟဇော်၊ သက်ဟိန်းစိုး၊ လင်းထက်စိုး၊ သက်ဝေမိုး၊ သူရိန်ထွန်း၊ ဟိန်းဖြိုးဝင်း စသည့်ကစားသမားများကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး Dagon Port အသင်းကလည်း နောင်နောင်စိုး၊ မျိုးဆက်ပိုင်၊ ချစ်အေး၊ အံ့မော်ဦး၊ မျိုးမင်းလတ် (ဂိုး) တို့ကို အသုံးပြုခဲ့သည်။ ပွဲအစ တစ်မိနစ်မှာပင် မျိုးဆက်ပိုင်က Dagon Port အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း နောက်မှလိုက်ကစားခဲ့ရပြီး ပထမပိုင်းပြီးခါနီးမှ ဂိုးပြန်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ကြားရက်တွင် အာဆီယံကလပ်ခြေစစ်ပွဲ အဝေးကွင်းကစားခဲ့ရသဖြင့် ပထမပိုင်းတွင် ရှန်းကန်ခဲ့ရပြီး မိနစ် ၄၀ မှ ချေပဂိုးပြန်ရကာ ဟိန်းဖြိုးဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးထပ်မံရရှိရန် ဖိကစားလာပြီး ၄၉၊ ၈၇ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၊ ၆၂ မိနစ်တွင် မတ်ခ်ဆာကီတို့က အနိုင်ဂိုးများ သွင်းယူကာ Dagon Port အသင်းအတွက် ဒုတိယဂိုးကို ၈၂ မိနစ်တွင် ကောင်းမြတ်ကျော်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်အသင်းမှ ခွန်ကျော်ဇင်ဟိန်းက ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ နှစ်ပွဲဆက် အနိုင်ရထားသည့် ဇယားထိပ်ပိုင်းမှ နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ မိနစ် ၆၀ တွင် လမင်းထွေးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၇၃ မိနစ်တွင် ကျော်မျိုးနိုင်က ဟံသာဝတီအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဒေးဗစ်ထန်က ရရှိသည်။ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရောဝတီယူနိုက်တက်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် အိမ်ကွင်းသုံးပွဲဆက် ကစားရသော်လည်း သုံးပွဲစလုံး နိုင်ပွဲရယူနိုင်ခြင်း မရှိဘဲ မြဝတီအသင်းမှာမူ ပထမဆုံး နိုင်ပွဲရရှိခဲ့သည်။ မြဝတီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၄၃ မိနစ်တွင် ကောင်းစည်သူက သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြဝတီအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည့် ကောင်းစည်သူက ရရှိသည်။

ပွဲစဉ် (၃) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ်ကိုးမှတ်ဖြင့် ထိပ်ဆုံးရောက်ရှိလာပြီး ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်နှင့် ရတနာပုံအသင်းတို့က ခုနစ်မှတ်စီ၊ ဒဂုံစတားယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ၊ အား/ကာသိပ္ပံ၊ Dagon Port နှင့် မြဝတီအသင်းတို့က သုံးမှတ်စီ၊ ရောဝတီယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားပြီး သစ္စာအားမာန်နှင့် ရခိုင်ယူနိုက်တက်အသင်းတို့မှာ သုံးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။

**ရဲရင့်လွင်**

**ဓာတ်ပုံ–MNL**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရအရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဒီမိုကရေစီစံနှုန်းများ တဖြည်းဖြည်းလျော့ပါးလာသော အမေရိက

မောင်ကမ္ဘာ

**အမေရိကန်နိုင်ငံရေးလောကက အရင်လိုပျော်စရာ၊ အတုယူစရာမကောင်းတော့ဘူးဗျ။ အရင်က ပျော်စရာ၊ အတုယူစရာကောင်းတယ်ဆိုတာက ရွေးကောက်ပွဲအကြို မဲဆွယ်ကာလတွေ၊ ပါတီညီလာခံတွေမှာ ထောက်ခံအားပေးသူတွေက "God Bless America" လို့ ဆုတောင်းကြ၊ သီချင်းတွေ သံပြိုင်သီဆိုကြ၊ ကကြ၊ ခုန်ကြ။ သမ္မတလောင်းတွေ၊ ကိုယ်စားလှယ်လောင်းတွေကလည်း ပြိုင်ဘက်သမ္မတ၊ ပြိုင်ဘက်ကိုယ်စားလှယ်တွေရဲ့ လက်ရှိပေါ်လစီတွေကို ဝေဖန်ကြ၊ ငယ်ကျိုးငယ်နာတွေကိုဖော်ပြီး သရော်ကြ၊ လှောင်ပြောင်ကြနဲ့ ဘေးကကြည့်တဲ့သူတောင် ပျော်စရာကောင်းနေရော။**

အဲ၊ ရွေးကောက်ပွဲပြီးရင်တော့ ဒီမိုကရေစီစံနှုန်း၊ ဒီမိုကရေစီယဉ်ကျေးမှုနဲ့အညီ တစ်ဦးအပေါ်တစ်ဦး ဖွေမယူဘဲ နိုင်တဲ့သူကရှုံးတဲ့သူကို နားလည်စာနာမှုနဲ့ ဖက်လဲတကင်းနှုတ်ဆက်ကြ၊ အရှုံးသမားကလည်း အနိုင်/အရှုံးကို အသိအမှတ်ပြုပြီး ဂုဏ်ပြုစကားပြောကြနဲ့ အတုယူစရာကောင်းနေရော။

**ပြည်သူများက နိုင်ငံကြီးသားပီသစွာ တိုင်းတာဆန်းစစ် အကဲခတ်**

ပြည်သူများကလည်း မိမိတို့နဲ့မဆိုင်သလိုမနေ၊ နိုင်ငံကြီးသားပီသစွာ နိုင်ငံရေးစိတ်ဓာတ်အပြည့်နဲ့ အမျိုးသားရေးတာဝန်တစ်ရပ်လို သဘောထားပြီး ဟောပြောပွဲတွေမှာ တင်ပြသင့်တာ တင်ပြကြ၊ မကျေနပ် မနှစ်သက်စရာတွေကို ရင်ဖွင့်ကြ၊ ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးပြောဆိုကြရုံမက နောက်တက်မယ့်သမ္မတလောင်း၊ ကိုယ်စားလှယ်လောင်းရဲ့ကိုယ်ရည်ကိုယ်သွေးကို တိုင်းတာဆန်းစစ် အကဲခတ်လေ့ရှိကြတယ်။

အမေရိကန်သမ္မတလုပ်မယ့် ပုဂ္ဂိုလ်ဟာ တိုင်းပြည်နဲ့ချီပြီး တာဝန်ယူရမယ့်အရည်အချင်း ရှိ / မရှိ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တကိုယ်ကျင့်တရားကောင်း- မကောင်းကအစ လေ့လာဆန်းစစ်လေ့ရှိကြတယ်။

**အမေရိကန်နိုင်ငံရေးလောကတွင် လူမှုရေးအရှုပ်တော်ပုံတွေ ပေါ်ပေါက်လာ**

သို့သော်လည်း နောက်ပိုင်းကာလ အမေရိကန်နိုင်ငံရေးလောကကတော့ ဒီမိုကရေစီစံနှုန်းတွေ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေအပြင် သမ္မတတွေရဲ့ ကိုယ်ကျင့်သိက္ခာတွေ၊ အကျင့်စာရိတ္တ ကိုယ်ကျင့်တရားတွေပါ တဖြည်းဖြည်းလျော့ပါးလာပြီလို့ဆိုရမယ်။ သမ္မတ ဘီလ်ကလင်တန် လက်ထက်မှာ အိမ်ဖြူတော်လုပ်အားပေးဝန်ထမ်း မော်နီကာ လူဝင်စကီးနဲ့ သမ္မတ ကလင်တန်တို့ရဲ့ လူမှုရေးအရှုပ်တော်ပုံတွေ ပေါ်ပေါက်လာပြီး ကမ္ဘာတစ်ခွင် ဟိုးလေးတကြော်ကြော်ဖြစ်ခဲ့ရတယ်။ ရွေးကောက်ပွဲတွေမှာလည်း ဒီမိုကရေစီစံနှုန်းတွေ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေ လျော့ပါးလာပြီး အငြင်းပွားမှုတွေကြောင့် တရားတဘောင်တက်ပြီး ရှင်းရတဲ့ကိစ္စတွေ ပေါ်ပေါက်လာတယ်။

၂၀၀၀ ပြည့်နှစ်အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဘလစ်ကင်ပါတီ သမ္မတလောင်း ဂျော့ဒဗလျူဘုရှ်နဲ့ ဒီမိုကရက်တစ်ပါတီသမ္မတလောင်း အယ်လ်ဂိုး (သမ္မတ ဘီလ်ကလင်တန်ရဲ့ ဒုတိယသမ္မတအဖြစ် သက်တမ်းနှစ်ကြိမ် ထမ်းဆောင်ခဲ့သူ) တို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြရာမှာ အယ်လ်ဂိုးဟာ လူထုထောက်ခံမဲအများစုရပေမယ့် သမ္မတရွေးချယ်ရေးအဖွဲ့မဲ(Electoral Vote)မှာ ပြဿနာဖြစ်ခဲ့ရာမှ နောက်ဆုံးတရားရုံးချုပ်တက်ပြီး အဆုံးအဖြတ်ခံယူရတဲ့အဆင့်ထိ ဖြစ်ခဲ့တယ်။




အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့၌ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၃ ရက်က မဲဆွယ်စည်းရုံးရေးမိန့်ခွန်းပြောကြားစဉ် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်အား သေနတ်ဖြင့် ပစ်ခတ်ခံရပြီးနောက် ထောက်လှမ်းရေးဌာနမှ အရာရှိများက ဝိုင်းဝန်းကာကွယ်ထားသည်ကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုဟာ ပြည်နယ်ပေါင်း ၅၀ နဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ နိုင်ငံကြီးဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်ကို ကွန်ဂရက်(Congress)လို့ ခေါ်ပြီး အထက်လွှတ်တော် ဆီးနိတ် (Senate) နဲ့ အောက်လွှတ်တော် (House of Representatives) နှစ်ရပ်ပေါင်းဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။

**ကိုယ်စားလှယ်အမတ်များကို လူထုက တိုက်ရိုက်ရွေးကောက် တင်မြှောက်**

အထက်လွှတ်တော်မှာ ကိုယ်စားလှယ်စုစုပေါင်း ၁၀၀ ရှိပါတယ်။ တစ်ပြည်နယ်ကို နှစ်ဦးနှုန်းနဲ့ပါ။ သက်တမ်းအားဖြင့် ခြောက်နှစ်ဖြစ်ပါတယ်။ အောက်လွှတ်တော်ကိုယ်စားလှယ်တွေကိုတော့ ပြည်နယ်များက လူဦးရေအလိုက်ရွေးချယ်ပါတယ်။ အောက်လွှတ်တော်မှာ ပြည်နယ်အားလုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး သက်တမ်းအားဖြင့် နှစ်နှစ် သတ်မှတ်ထားပါတယ်။ အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်နှစ်ရပ်လုံးအတွက် ကိုယ်စားလှယ်အမတ်များကို လူထုက တိုက်ရိုက်ရွေးကောက်တင်မြှောက်ကြပါတယ်။

သမ္မတကို ရွေးကောက်တင်မြှောက်ရာမှာတော့ လွှတ်တော်နှစ်ရပ်ပေါင်းကွန်ဂရက်က ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၅၃၅ ဦးနဲ့ အစိုးရရုံးစိုက်ရာ ဝါရှင်တန်(ကိုလံဘီယာ ဒီစတြိတ်)မှလာတဲ့ ကိုယ်စားလှယ် သုံးဦးနဲ့ပေါင်းပြီး စုစုပေါင်း ကိုယ်စားလှယ် ၅၃၈ ဦးနဲ့ ဖွဲ့စည်းထားတဲ့ သမ္မတရွေးချယ်ရေးအဖွဲ့ (Electoral College)ရဲ့ သမ္မတ ရွေးချယ်ရေးအဖွဲ့မဲ (Electoral Vote) ကသာလျှင် အဆုံးအဖြတ်ဖြစ်ပါတယ်။

ပြည်သူတွေက ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ်တို့ရဲ့ မဲဟာ ပြည်သူ့မဲ၊ ပြည်သူ့သဘောထားအဖြစ် သတ်မှတ်ပြီး သွယ်ဝိုက်ရွေးချယ်နည်းဖြစ်ပါတယ်။ ယင်းပြည်သူ့ကိုယ်စားလှယ် ၅၃၈ ဦးရဲ့ Electoral Vote ကိုယ်စားလှယ်မဲ ထက်ဝက်ဟာ ၂၆၉ မဲဖြစ်လို့ တစ်ဝက်ထက်တစ်မဲပိုတဲ့မဲပေါင်း ၂၇၀ ရတဲ့ သမ္မတလောင်းသာလျှင် သမ္မတအဖြစ် အရွေးချယ်ခံရမှာ ဖြစ်ပါတယ်။ ပြည်သူ့ထံမှတိုက်ရိုက်လာတဲ့ ပြည်သူ့မဲ (Popular Vote)က အဆုံးအဖြတ်မဟုတ်ပါဘူး။ ပြည်သူ့မဲမှာ ရှုံးပြီး အဆုံးအဖြတ်ဖြစ်တဲ့သမ္မတ ရွေးချယ်ရေးအဖွဲ့မဲ (Electoral Vote)မှာ မဲတစ်ဝက်ကျော်တဲ့အတွက် သမ္မတအရွေးခံရတဲ့အဖြစ်မျိုး အမေရိကန်သမိုင်းမှာ နှစ်ကြိမ်ရှိခဲ့ဖူးပါတယ်။

ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အယ်လ်ဂိုးကတော့ ပြည်သူ့မဲမှာနိုင်ပြီး သမ္မတရွေးချယ်ရေးအဖွဲ့မဲမှာ ရှုံးခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အယ်လ်ဂိုးဟာ နောက်ဆုံးမှာ တရားရုံးချုပ်အဆုံးအဖြတ်ကို အငြင်းမပွားတော့ဘဲ ဘုရှ်ကိုအရှုံးပေးပြီး နိုင်ငံရေးနယ်က စွန့်ခွာသွားခဲ့ပါတယ်။ နောက်ပိုင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပဲ ဇောက်ချလုပ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုတောင်ရသွားခဲ့တယ်။

သမ္မတဒေါ်နယ်ထရမ့်နဲ့ ပြိုင်ဘက်သမ္မတလောင်း ဂျိုးဇက်ဘိုင်ဒင်တို့ရဲ့ခေတ် ၂၀၂၀ သမ္မတရွေးကောက်ပွဲမှာတော့ တစ်ချိန်ကပျော်စရာ၊ အတုယူစရာကောင်းခဲ့တဲ့ အမေရိကန်ဒီမိုကရေစီစံနှုန်းတွေနဲ့ ဒီမိုကရေစီယဉ်ကျေးမှုအစဉ်အလာတွေဟာ လျော့ပါးလာရုံမက ပျက်သုဉ်းပျက်စီးလာပြီလို့ပဲ ဆိုရမလို ဖြစ်လာတယ်။

**အမေရိကန်ရဲ့ ဒီမိုကရေစီစနစ်ဟာ ဝရုန်းသုန်းကားဖြစ်လာ**

မဲမသမာမှုတွေရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေ၊ အငြင်းပွားမှုတွေကတစ်ဆင့် အာဃာတတွေ၊ မုန်းတီးမှုတွေဖြစ်ပေါ်လာပြီး အရှုံးကိုလက်မခံတဲ့ ထရမ့်ရဲ့ လှုံ့ဆော်မှုနဲ့ ထရမ့်ကို ထောက်ခံတဲ့ လူအုပ်စုကြီးဟာ အမေရိကန်လွှတ်တော် အဆောက်အအုံကို အကြမ်းဖက် ဝင်ရောက်စီးနင်းတဲ့အထိ အမေရိကန်ရဲ့ ဒီမိုကရေစီစနစ်ဟာ ဝရုန်းသုန်းကားဖြစ်လာခဲ့ပါတယ်။

ယခုလာမယ့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတော့မယ့် သမ္မတရွေးကောက်ပွဲမှာလည်း ရီပတ်ဘလစ်ကင် ပါတီသမ္မတလောင်း သမ္မတဟောင်း ထရမ့်နဲ့ ဒီမိုကရက်တစ်ပါတီသမ္မတလောင်း လက်ရှိသမ္မတဂျိုးဇက်ဘိုင်ဒင်တို့ တစ်ကျော့ပြန် မကျေပွဲနွှဲကြပါဦးမယ်။ သမ္မတလောင်းနှစ်ဦးရဲ့ ပုံရိပ်နဲ့ပတ်သက်ပြီး ကာတွန်းဆရာတစ်ဦးက ပုံဖော်ထားပုံကတော့ ဝှီးချဲလက်တွန်းလှည်းကို အားပြုသွားနေတဲ့ ဘိုင်ဒင်ကြီးနဲ့ တရားရုံးဝက်ခြံထဲမှာ အမှုရင်ဆိုင်နေတဲ့ ထရမ့်ကြီးတို့ နှစ်ဦး ဆုံတွေ့နေကြပုံကို သရုပ်ဖော်ထားပါတယ်။

ပြောလည်းပြောစရာပါပဲ။ ၁၉၄၂ ခုနှစ်ဖွား ဘိုင်ဒင်ကြီးဟာ လက်ရှိမှာ အသက် ၈၂ နှစ်အရွယ်ရှိနေပါပြီ။ နောက်ထပ်သမ္မတတစ်ကြိမ်သာ ထပ်မံအရွေးခံရမယ်ဆိုရင် အသက် ၈၆ နှစ်အရွယ်ရှိလာမှာဖြစ်ပါတယ်။ အမေရိကန်သမိုင်းမှာ အသက်အကြီးဆုံး သမ္မတတွေတောင် အလွန်ဆုံး ၇၇၊ ၇၈ နှစ်အရွယ်ဆို အနားယူသွားကြပါပြီ။ ဘိုင်ဒင်ကြီးကတော့ လက်ရှိသမ္မတသက်တမ်းမှာတောင် လေယာဉ်လှေကားပေါ်က ခဏခဏချော်ကျ၊ လဲကျ၊ အခမ်းအနားတွေမှာ မိန့်ခွန်းပြောကြားရင်း တွေတွေဝေဝေ၊ ငေးငေးငိုင်ငိုင်ဖြစ်လိုက်၊ ကပေါက်ချိကပေါက်ချာတွေ မှားပြောလိုက်နဲ့ ဖြစ်နေတာတောင် အားမလျှော့သေးပါဘူး။

ကမ္ဘာ့နိုင်ငံရေးမှာလည်း ဆီးနိတ်အမတ်လုပ်ခဲ့စဉ်ကာလကလို ဘော်လကန်ဒေသအရေးမှာ သမ္မတ ကလင်တန်အရေးယူလာအောင် တိုက်တွန်းခဲ့သလိုမျိုး၊ အမေရိကန်က အီရတ်ကို ဝင်တိုက်ဖို့ သဘောတူထောက်ခံမဲပေးခဲ့သလိုမျိုး လက်ရှိယူကရိန်းအရေးမှာလည်း လက်မနှေးခဲ့ပါဘူး။ တတိယကမ္ဘာစစ်ကြီးများ ဖြစ်လာလေမလားလို့တောင် ကမ္ဘာ့ပြည်သူတွေ ရင်တမမနဲ့ပါ။ ဘိုင်ဒင်ကြီးရဲ့ လက်ရှိအခြေအနေများကြောင့် လာမယ့် ရွေးကောက်ပွဲမှာ ဂျိုးဘိုင်ဒင် အနိုင်ရနိုင်ခြေနဲ့ပတ်သက်ပြီး သမ္မတဟောင်း အိုဘားမားနဲ့ လွှတ်တော်ဥက္ကဋ္ဌဟောင်း နန်စီပယ်လိုစီတို့က သံသယရှိကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ ဘိုင်ဒင်ရဲ့ ၂၀၂၄ မဲဆွယ်စည်းရုံးရေးအနာဂတ်အကြောင်း သီးသန့်ပြောဆိုခဲ့စဉ် နှစ်ဦးစလုံးက ဒေါ်နယ်ထရမ့်ကို ဘိုင်ဒင်ရင်ဆိုင်ဖို့က ပိုမိုခက်ခဲလာမှာကို စိုးရိမ်နေကြပြီး ဘာလုပ်ရမယ်ဆိုတာကို သေချာမသိဘူးလို့ ပြောဆိုခဲ့ကြတယ်လို့ CNN က ဆိုပါတယ်။ မီဒီယာအချို့ကလည်း တက်ကြွသော ထရမ့်နဲ့ အိပ်ငိုက်နေသော ဂျိုးဆိုပြီး ဇောင်းပေးနှိုင်းယှဉ်ဖော်ပြလာကြပါတယ်။

ဆန့်ကျင်ဘက်အနေအထားအရ ထရမ့်ကတော့ တရားစွဲဆိုမှုပေါင်းများစွာ ရင်ဆိုင်နေရတဲ့ကြားက လူထုထောက်ခံမှုတွေ မြင့်တက်လာပါတယ်။ ထရမ့်ကို ထောက်ခံသူအချို့က သူ့ရဲ့သမ္မတသက်တမ်းမှာ ဘာလုပ်နိုင်ခဲ့တယ်ဆိုတာကိုမြင်ပြီး၊ တွေ့ခဲ့ရပြီးဖြစ်တယ်။ ဒါကြောင့် သူ့ကိုပြန်အနိုင်ရစေချင်ကြတယ်။ သမ္မတဘိုင်ဒင်လက်ထက်မှာ သူတို့နိုင်ငံက အကျပ်အတည်းကို ရောက်နေတယ်။ ထရမ့်က စီးပွားရေးကောင်းမွန်အောင် လုပ်ပေးနိုင်မှာဖြစ်တယ်လို့ ဆိုကြပါတယ်။

လူငယ်မဲဆန္ဒရှင်တွေကြားမှာလည်း ထရမ့်ဟာ ရေပန်းစားလာပါတယ်။ အစ္စရေး-ဟားမတ်စ်စစ်ပွဲမှာ သမ္မတ ဘိုင်ဒင် ကိုင်တွယ်ပုံကို

စာမျက်နှာ ၁၇ သို့

- အမေရိကန်နိုင်ငံရေးလောကကတော့ ဒီမိုကရေစီစံနှုန်းတွေ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေအပြင် သမ္မတတွေရဲ့ ကိုယ်ကျင့်သိက္ခာတွေ၊ အကျင့်စာရိတ္တ ကိုယ်ကျင့်တရားတွေပါ တဖြည်းဖြည်းလျော့ပါးလာပြီလို့ဆိုရမယ်
- ရွေးကောက်ပွဲတွေမှာလည်း ဒီမိုကရေစီစံနှုန်းတွေ၊ ဒီမိုကရေစီယဉ်ကျေးမှုတွေ လျော့ပါးလာပြီး အငြင်းပွားမှုတွေကြောင့် တရားတဘောင်တက်ပြီး ရှင်းရတဲ့ကိစ္စတွေ ပေါ်ပေါက်လာတယ်

# ပွင့်ဖြူမြို့နယ်ကြက်ခြေနီအသင်းခွဲက ရေဘေးသင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် သောက်ရေသန့်နှင့် ခါတ်ဆားထုပ်များ ထောက်ပံ့

ပွင့်ဖြူ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးကြုံတွေ့နေသည့် ထူးကျေးရွာ၊ နန်းတော်ကျွန်းကျေးရွာ၊ ဘီးဇပ်ခုံကျေးရွာ၊ ကျွန်းကလေးကျေးရွာ၊ ရေချမ်းစင်ကျေးရွာနှင့် မြင်းခြံစုကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ယနေ့ နံနက်ပိုင်းက မြို့နယ်ကြက်ခြေနီအသင်းခွဲက သောက်ရေသန့်နှင့် ခါတ်ဆားထုပ်များ သွားရောက် ထောက်ပံ့ပေးအပ်သည်။



ထိုသို့ထောက်ပံ့ရာတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးဇော်ဝင်းခိုင်၏ ကြီးကြပ်မှုဖြင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ရေဘေးသင့်ကျေးရွာ ငါးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၇၄၂ စုအတွက် သောက်သုံးရေအဆင်ပြေစေရန်နှင့် ကျန်းမာစွာ နေထိုင်နိုင်ရန် ကျေးရွာတစ်ရွာလျှင် တစ်လီတာ သောက်ရေသန့်ဘူး ၃၇၁၀ နှင့် ခါတ်ဆားထုပ် ၅၀ စီတို့ကို သောက်သုံးရေ အဆင်ပြေစေရန် စနစ်တကျ ခွဲဝေထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )

# နေပြည်တော်၌ ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် တော်ဝင်မော်တော်ယာဉ်လိုင်း လေးလိုင်း ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ပြည်သူများ သွားလာရေးလွယ်ကူစေရန်၊ ဘုရားဖူးပြည်သူများ မာရဝိဇယဘုရားသို့ လွယ်ကူစွာသွားရောက် ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန်အတွက် EV Bus များဖြင့် ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါယာဉ်များ မရောက်ရှိသေးချိန်ကာလအတွင်း ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်၊ တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ Yutong CB ယာဉ် ခြောက်စီးဖြင့် မြို့တွင်းလိုင်း လေးလိုင်းကို ဇူလိုင် ၃ ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



နေပြည်တော်မြို့တွင်း ယာဉ်လိုင်းပြေးဆွဲနေသည့် Yutong ဘတ်စ်ကားကြီးများ။

တော်ဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ မြို့တွင်းလိုင်း လေးလိုင်း ပြေးဆွဲရာတွင် လမ်းကြောင်း (၁) (ဇမ္ဗူသီရိလမ်းကြောင်း) အဖြစ် ဘောဂသီရိ – နှင်းဆီပန်းအဝိုင်း–ရွှေညောင်ပင်–နေပြည်တော်ကောင်စီ–စည်ပင်ဧည့်ရိပ်သာ – သပြေကုန်း – ပရဆေး ဥယျာဉ်–ဓာတုဇယဘုရား – နည်းပညာတက္ကသိုလ် – မာရဝိဇယဘုရား – ဘိုးဘွားရိပ်သာ–ဥဣာသိဒ္ဓိရပ်ကွက် – Naypyitaw State Academy ကျောင်း – ဝဏ္ဏသိဒ္ဓိရပ်ကွက်– သုခတော်ဝင်–မြို့မဈေးတို့ဖြစ်ပြီး ယာဉ်စီးခအနေဖြင့် ခရီးစဉ်အစအဆုံး ငွေကျပ် ၂၀၀၀၊ လမ်းကြောင်း(၂) (လယ်ဝေးလမ်းကြောင်း)အဖြစ် လယ်ဝေးမြို့မဈေး–လယ်ဝေးအားကစားကွင်း – ရွှေအင်ကြင်းရပ်ကွက် – ဒက္ခိဏသီရိဈေး – ကံ့ကော်ပန်းအဝိုင်း – Excel Capital – တံ့ဂပူရိလမ်းဆုံ–Junction Center – အဆင့်မြင့်ဈေး – နည်းပညာတက္ကသိုလ် – မာရဝိဇယဘုရား– ဘိုးဘွားရိပ်သာ – ဥဣာသိဒ္ဓိရပ်ကွက် – Naypyitaw State Academy ကျောင်းတို့ဖြစ်ပြီး ယာဉ်စီးခအနေဖြင့် ခရီးစဉ်အစအဆုံး ငွေကျပ် ၁၅၀၀၊ လမ်းကြောင်း(၃) (ပုဗ္ဗသီရိ ရန်ကုန် – မန္တလေး လမ်းဟောင်းလမ်းကြောင်း) အဖြစ် သိုက်ချောင်းလမ်းဆုံ – တိရစ္ဆာန်ဥယျာဉ် – ရေဆင်းကျေးရွာ – ပင်လောင်းလမ်းဆုံ–လျှပ်စစ်လမ်းခွဲ– ကျောက်ချက်– နှင်းဆီပန်းအဝိုင်း–ရွှေညောင်ပင်–နေပြည်တော်ကောင်စီ–ဇမ္ဗူသီရိဆေးရုံ – စည်ပင်ဧည့်ရိပ်သာ – သပြေကုန်း – ပရဆေးဥယျာဉ် – မြို့မဈေး – သုခတော်ဝင် – ဝဏ္ဏသိဒ္ဓိရပ်ကွက် – Naypyitaw State Academy ကျောင်း–ဥဣာသိဒ္ဓိရပ်ကွက်–မာရဝိဇယဘုရား – နည်းပညာတက္ကသိုလ်တို့ဖြစ်ပြီး ယာဉ်စီးခအနေဖြင့် ခရီးစဉ်အစအဆုံး ငွေကျပ် ၂၀၀၀၊ လမ်းကြောင်း(၄) (ပုဗ္ဗသီရိလမ်းကြောင်း) အနေဖြင့် သိုက်ချောင်းလမ်းဆုံ – ခုတင်(၃၀၀)ဆေးရုံ – ကျည်တောင်ကန်လမ်းဆုံ–နေပြည်တော်ဘူတာကြီး– Polytechnic University – အင်ကြင်းပန်းအဝိုင်း – မန္တလေးလမ်း–ကုမုဒြာကြာပန်းအဝိုင်း–စည်ပင်အိမ်ရာ–သပြေကုန်း–ပရဆေးဥယျာဉ်–မြို့မဈေး–သုခတော်ဝင်–ဝဏ္ဏသိဒ္ဓိရပ်ကွက်– Naypyitaw State Academy ကျောင်း – ဥဣာသိဒ္ဓိရပ်ကွက် – မာရဝိဇယဘုရား – နည်းပညာတက္ကသိုလ်တို့ဖြစ်ပြီး ယာဉ်စီးခအနေဖြင့် ခရီးစဉ်အစအဆုံး ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ ပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)

## မြန်မာစာ မြန်မာစကား

### ဝါကျဖွဲ့စည်းပုံ မညီညွတ်ခြင်း

၄။ ဘဝဖူလုံ**ရေး**၊ ဒါနရှင်ဖြစ်**ရေး**၊ သန်းကြွယ်သူဌေးဖြစ်**လိုလျှင်** အောင်ဘာလေမှာ ကံစမ်းပါ။

ရေး၊ ရေး၊ လိုလျှင် ✖

ရေး၊ ရေး၊ ရေး ✔

ဘဝဖူလုံ**ရေး**၊ ဒါနရှင်ဖြစ်**ရေး**၊ သန်းကြွယ်သူဌေးဖြစ်**ရေး** အောင်ဘာလေမှာ ကံစမ်းပါ။




၅။ ပေါ့ဆ**မှု**၊ ရေကူးအတွေ့အကြုံမရှိ**မှု**နှင့် အရက်သေစာသောက်စားထား**ခြင်း**တို့ကြောင့် ရေနစ်သေဆုံးရ**ခြင်း**ဖြစ်ကြောင်း ယွန်ဟပ် သတင်းဌာနက ရေးသားဖော်ပြသည်။

မှု၊ မှု၊ ခြင်း ✖

မှု၊ မှု၊ မှု ✔

ခြင်း၊ ခြင်း၊ ခြင်း ✔

ပေါ့ဆ**မှု**၊ ရေကူးအတွေ့အကြုံမရှိ **မှု** နှင့် အရက်သေစာသောက်စားထား**မှု**တို့ကြောင့် ရေနစ်သေဆုံးရခြင်းဖြစ်ကြောင်း ယွန်ဟပ် သတင်းဌာနက ရေးသားဖော်ပြသည်။

ပေါ့ဆ**ခြင်း**၊ ရေကူးအတွေ့အကြုံမရှိ**ခြင်း**နှင့် အရက်သေစာသောက်စားထား**ခြင်း**တို့ကြောင့် ရေနစ်သေဆုံးရ**ခြင်း**ဖြစ်ကြောင်း ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြသည်။



မြန်မာစာ မြန်မာစကားစာအုပ်မှကောက်နုတ်ဖော်ပြပါသည်။


*စာမျက်နှာ ၁၆ မှ*

လူငယ်တွေက စိတ်ပျက်နေကြပြီး ထရမ့်ရဲ့ကိုင်တွယ်ပြောဆိုမှုတွေကို အကြိုက်တွေ့လာကြတယ်။ ဒါကြောင့် ထရမ့်ကို ထောက်ခံသူအများစုက တရားစွဲဆိုမှုအပေါ် နှိပ်ကွပ်မှုအဖြစ်ရှုမြင်ပြီး တရားစွဲဆိုထားတဲ့ စွပ်စွဲချက်တွေနဲ့ပတ်သက်ပြီး သူ့အတွက် တိုက်ပွဲဝင်လိုကြတယ်လို့ ဆိုကြတယ်။

ဒီအတောအတွင်းမှာပဲ သမ္မတလောင်း ဒေါ်နယ်ထရမ့်ဟာ ဇူလိုင် ၁၃ ရက်က ပင်ဆယ်ဗေးနီးယားပြည်နယ် ဘတ်တလာမြို့မှာ မဲဆွယ်စည်းရုံးရေးမိန့်ခွန်းပြောကြားနေစဉ် သေနတ်နဲ့ပစ်ခံရလို့ ညာဘက်နားရွက်အပေါ်ဘက် ပေါက်ထွက်ဒဏ်ရာရရှိခဲ့ပါတယ်။ မဲဆွယ်စည်းရုံးပွဲကို ရောက်နေတဲ့သူတစ်ဦးလည်း သေဆုံးပြီး နောက်ထပ်နှစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိသွားပါတယ်။ FBI ရဲ့အပြောအရ ထရမ့်ကို သေနတ်နဲ့ပစ်ခတ် လုပ်ကြံတဲ့သူဟာ အသက် ၂၀ အရွယ်ရှိ ပင်ဆယ်ဗေးနီးယားသား သောမတ်စ် မက်သရူးကွတ်ခ်ဆိုသူ ဖြစ်တယ်လို့ ဆိုပါတယ်။ သူ့ကိုလည်း လုံခြုံရေးအဖွဲ့က အသေပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ပစ်ခတ်မှုဖြစ်ရပ်ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးပမ်းကြံစည်မှုအဖြစ် မှတ်ယူစုံစမ်းနေပြီလို့ FBI က ပြောပါတယ်။

သမ္မတဂျိုးဘိုင်ဒင်ကတော့ **"ယခုဖြစ်ရပ်ကို အားလုံးက ရှုတ်ချရမယ်၊ ယခုလို အကြမ်းဖက်မှုမျိုးကို အမေရိကန်ပြည်ထောင်စုက လက်မခံကြောင်း၊ အမေရိကန်မှာ ဒီလိုအကြမ်းဖက်မှုအတွက် လုံးဝနေရာမရှိစေရ၊ ရှုတ်ချကြောင်း"** ထုတ်ပြန်ခဲ့သလို ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များကလည်း ပြစ်တင်ရှုတ်ချခဲ့ကြပါတယ်။ FBIကလည်း ဒါဟာ အမေရိကန်နိုင်ငံရေးသမိုင်းမှာ ဆယ်စုနှစ်ပေါင်းများစွာအတွင်းဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအကြမ်းဖက်လုပ်ရပ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။

ဒီဖြစ်ရပ်ကြောင့် သမ္မတဟောင်းထရမ့်ကို ထောက်ခံသူပိုများလာပြီး ထောက်ခံသူအချို့ကလည်း အမေရိကန်နိုင်ငံဒေသအချို့ရဲ့ လမ်းတွေပေါ်မှာ စီတန်းလှည့်လည်ပြီး ထောက်ခံဆန္ဒဖော်ထုတ်မှုတွေပြုလုပ်လာကြပါတယ်။ ရှေ့ဘာတွေ ဆက်ဖြစ်လာဦးမလဲ။ သေချာတာတစ်ခုကတော့ မျက်မှောက်အမေရိကန်နိုင်ငံရေးလောကဟာ မသမာမှုတွေ၊ အငြင်းပွားမှုတွေကတစ်ဆင့် တစ်ဖက်နဲ့တစ်ဖက် အာဃာတအမုန်းတရားတွေ၊ နိုင်လိုမင်းထက်အပြုအမူတွေ၊ မင်းမဲ့စရိုက်တွေနဲ့ ပိုလို့ပိုလို့ တင်းမာလာပြီး နိုင်ငံရေးအရ လုပ်ကြံမှုတွေသာမက ယခုအသက်သေအောင် လုပ်ကြံလာတဲ့အထိ ဒီမိုကရေစီစံနှုန်းတွေ၊ ကျင့်ဝတ်တွေ၊ ယဉ်ကျေးမှုတွေ တစ်နေ့တခြား ခေါင်းပါးလျော့ပါးလာခဲ့ပြီလို့ပဲ ဆိုရမှာဖြစ်ပါတယ်။ ။



ပန်ဒါနီ

အာဆီယံဒေသအတွင်းရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှု၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းမှုဆိုင်ရာတို့တွင် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်အတွက် အာဆီယံဒေသအတွင်း ဂေဟစနစ်၊ ဇီဝမျိုးစုံမျိုးကွဲ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ ထူးခြားစွာတည်ရှိသော သဘာဝထိန်းသိမ်းရေးနယ်မြေများကို အာဆီယံအမွေအနှစ်ဥယျာဉ်များ ASEAN Heritage Parks-AHPs အဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိသည်။

# မြန်မာနိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ် ဥယျာဉ်များ (သို့မဟုတ်) အဓိကအရေးပါသော ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာနယ်မြေများ

■ *သီဟစည်သူ*

ယခုလက်ရှိအချိန်အထိ မြန်မာနိုင်ငံရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းတော်ကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တို့ကို ၂၀၀၃ ခုနှစ်တွင် လည်းကောင်း၊ နတ်မတောင်အမျိုးသားဥယျာဉ်အား ၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို လည်းကောင်း အာဆီယံအမွေအနှစ်ဥယျာဉ်များအဖြစ် သတ်မှတ်ခံခဲ့ရပြီးဖြစ်သည်။

အာဆီယံအမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ခံရခြင်းအားဖြင့် အာဆီယံဒေသတွင်းအဆင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံအမွေအနှစ်ဥယျာဉ် ထိန်းသိမ်းရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းစဉ်များကို အထောက်အကူပြုခြင်း၊ ဒေသအဆင့် အာဆီယံအမွေအနှစ် ဥယျာဉ်များကွန်ရက်ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှု မြှင့်တင်နိုင်မည်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

လက်ရှိတွင် အာဆီယံဒေသတွင်း နိုင်ငံများအနက် အာဆီယံအမွေအနှစ် ဥယျာဉ် ၅၀ ရှိပြီး အဆိုပါအာဆီယံအမွေအနှစ်ဥယျာဉ်များမှာ - ဘရူနိုင်း တစ်ခု၊ လာအို တစ်ခု၊ ကမ္ဘောဒီးယားနှစ်ခု၊ စင်ကာပူနှစ်ခု၊ မလေးရှားသုံးခု၊ ထိုင်း ခုနစ်ခု၊ အင်ဒိုနီးရှား ခုနစ်ခု၊ မြန်မာ ရှစ်ခု၊ ဖိလစ်ပိုင်ကိုးခုနှင့် ဗီယက်နမ် ၁၀ ခု တို့ ပိုင်ဆိုင်ထားသည်။ မိမိတို့နိုင်ငံတွင် ပိုင်ဆိုင်ထားသည့် ဇီဝမျိုးစုံမျိုးကွဲအမွေအနှစ်များ၏ တန်ဖိုးကို သိရှိနားလည်နိုင်စေရန်နှင့် တန်ဖိုးထားထိန်းသိမ်းတတ်စေရန်အတွက် လက်ရှိ မြန်မာနိုင်ငံမှ ပိုင်ဆိုင်ထားသည့် အာဆီယံအမွေအနှစ်ဥယျာဉ် ရှစ်ခုအကြောင်းကို စုစည်းဖော်ပြအပ်ပါသည် -

**(၁) ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်**

မြန်မာနိုင်ငံရှိ အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ခံထားရသည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် မြန်မာပြည်မြောက်ဘက်စွန်း ကချင်ပြည်နယ်အတွင်းရှိ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ ပါဝင်သည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံး ပေ ၃၀၀၀ ရှိ၍ အမြင့်ဆုံးဖြစ်သည့် ခါကာဘိုရာဇီ တောင်ထိပ်မှာ ၁၉၂၉၆ ပေရှိကာ ဧရိယာ အကျယ်အဝန်းမှာ ၁၄၇၂ စတုရန်းမိုင်၊ ၃၈၁၀ စတုရန်းကီလိုမီတာရှိသည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ခါကာဘိုရာဇီ သဘာဝထိန်းသိမ်းရေး နယ်မြေအဖြစ် လည်းကောင်း၊ ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် အမျိုးသားဥယျာဉ်အဖြစ် လည်းကောင်း၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် လည်းကောင်း သတ်မှတ်ခံခဲ့ရသည်။

မှတ်တမ်းများအရ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဒေသတွင် သစ်ပင်မျိုးပေါင်း ၂၉၇ မျိုး၊ ဝါးမျိုးပေါင်း ၁၃ မျိုး၊ ကြိမ်မျိုးပေါင်း ၁၀ မျိုး၊ သစ်ခွမျိုးပေါင်း ၁၀၆ မျိုး၊ ဆေးဖက်ဝင်အပင် ၂၂ မျိုး၊ နို့တိုက်သတ္တဝါ ၄၂ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၃၇၀၊ လိပ်ပြာမျိုးစိတ်ပေါင်း ၃၆၅ မျိုး၊ ကုန်းနေရေနေ တွားသွားသတ္တဝါများဖြစ်သည့် ဖား ၄၃ မျိုး၊ မြွေ ၃၂ မျိုး၊ လိပ်သုံးမျိုးနှင့် ပုတ်သင်ခြောက်မျိုး၊ ပိတုန်းမျိုးစိတ်ပေါင်း ၄၉ မျိုးရှိကြောင်း သိရသည်။ ပန်ဒါနီ၊ ငှက်မင်းသားဗိုက်ဖြူ၊ ငှက်ဘီလူး၊ တင်ကျီး၊ သစ်တောက်ငှက်၊ အမြီးဝိုင်းငှက်၊ အောင်လောင်ငှက်အမျိုးမျိုး၊ ရေခဲတောင်ဆိတ်၊ မလေးဝက်ဝံ၊ ဖြူကြီး၊ ဖြူ၊ သားမင်း၊ အင်းကျား၊ တောင်ဆိတ်နီ၊ တောဆိတ်အမျိုးမျိုး၊ ကြောင်မင်း၊ ကြောင်မြင်း၊ ကြောင်သလင်းနှင့် မြောက်မြီးရှည် သတ္တဝါများကို လေ့လာတွေ့ရှိနိုင်သည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကို ဟိမဝန္တာအရှေ့ဖျားနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံမြောက်ဘက်စွန်း ဆီးနှင်းဖုံး တောင်တန်းဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ ရေဝတီမြစ်ဖျား ရေဝေဒေသနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားကို အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တွင် ရေခဲဖုံးတောင်များပေါ်သို့ တက်ရောက်နိုင်ခြင်း၊ ဧရာဝတီမြစ် ဖျားခံရာဒေသ ပတ်ဝန်းကျင်အခြေအနေများအား လေ့လာနိုင်ခြင်း၊ သာယာလှပသော သဘာဝရေမြေတောတောင်ရှုခင်းများ ခံစားကြည့်ရှုနိုင်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်သစ်များ လေ့လာရှာဖွေဖော်ထုတ်နိုင်ခြင်း၊ ဒေသခံရဝမ်၊ လီဆူ၊ မြန်မာ-တိဗက်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူနေမှုစနစ်များကို လေ့လာနိုင်ခြင်းနှင့် ရှားပါးတိရစ္ဆာန်ဖြစ်သည့် သားမင်း၊ ကတိုးချေ၊ ရေခဲတောင်ဆိတ်၊ ချေနက်၊ လိပ်ပြာနှင့် အင်းဆက်ပိုးများအပြင် ဆေးဖက်ဝင်အပင်မျိုးစိတ်များကိုလည်း လေ့လာတွေ့ရှိနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ကို ဟိမဝန္တာ အရှေ့ဖျားနှင့်ဆက်စပ်နေသော မြန်မာနိုင်ငံ မြောက်ဘက်စွန်း ဆီးနှင်းဖုံးတောင်တန်းဒေသရှိ ဇီဝမျိုးစုံ မျိုးကွဲများနှင့် ၎င်းတို့၏ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ရန်၊ ရေဝတီမြစ်ဖျား ရေဝေဒေသနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏အကျိုးစီးပွားကို အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရင်ခွင် ခေတ္တခိုဝင်ရာတွင်… အပိုင်း (၂)

လင်းလက်နေခြည်

### မတူတာတွေချန်ထားဖို့

ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းများတွင် လက်အောက်ငယ်သားများကို စည်းရုံးဆွဲဆောင်၍ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းသည် တစ်ခု အပါအဝင်ဖြစ်သည်။ အတွေးအခေါ်၊ အမြင်၊ ခံစားချက်၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းတို့သည် တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ကြပေ။ တစ်ဦး၏ အားသာချက်သည် ကျန်တစ်ဦး၏ အားနည်းချက်ဖြစ်နိုင်သကဲ့သို့ "အသားအရောင်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အလုပ်အကိုင်" စသည်တို့က မတူကွဲပြားနေကြမည်မှာ လောကဓမ္မတာပင်ဖြစ်သည်။ ထိုသဘာဝတရားများကို လက်ခံနိုင်စွမ်းရှိရမည်မှာ မိမိတို့၏တာဝန်ပင်ဖြစ်သည်။ လှပသောဥယျာဉ်တိုင်းတွင် ပန်းတို့သည် ရောင်စုံပွင့်ဖူးကြသကဲ့သို့ပင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် မြန်မာ့မြေသာယာလှပစေရေးအတွက် တိုင်းရင်းသားအချင်းချင်း မတူကွဲပြားမှုများကို ဖယ်ရှား၍ ဘုံတူညီချက်များကို ရှာဖွေကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဆောင်ရွက်သွားကြရန်သာဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့်ပြည်သူများအကြားက ပေါင်းကူးတံတားများဖြစ်ကြပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို အစိုး၏မူဝါဒများနှင့်အညီ ဖြည့်ဆည်းပေးကြရသူများ ဖြစ်ကြသဖြင့် အစိုးရနှင့်ပြည်သူအကြား စေ့စပ်ညှိနှိုင်းပေးကြသူများသာဖြစ်သည်။ အဆင့်မြင့်အရာထမ်းများ၏ တာဝန်သည်လည်း ဝန်ထမ်းများ၏ လိုအပ်ချက်များကိုသိရှိအောင် ကြိုးစားဆောင်ရွက်ရပြီး ဖြည့်ဆည်းပေးနိုင်မည့် အထက်အဆင့်သို့ တင်ပြဆောင်ရွက်ရန်ဖြစ်သည်။ နောင်တစ်ချိန်တွင် မူဝါဒချမှတ်သူများဖြစ်လာကြမည့် အဆင့်မြင့်အရာရှိများသည် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဆိုသည့် ခေါင်းဆောင်ကောင်းတို့တတ်သိအပ်သည့် အရည်အချင်းတစ်ရပ်ကို လေ့လာဆည်းပူးထားအပ်သည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်သင်ကြားပို့ချနေသည့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၈)၌ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း ဘာသာရပ်ကို လေ့လာခွင့်ရခဲ့သည်။

လူတစ်ဦးနှင့်တစ်ဦးသည် အတွေးအခေါ်၊ သဘောထားအမြင်နှင့် ခံယူချက်များက ကွဲပြားခြားနားကြသည်။ ထိုကဲ့သို့သော မတူကွဲပြားမှုများရှိကြသည့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ဌာနအဖွဲ့အစည်းများကို ဦးဆောင်ဦးရွက်ပြုကြရသည့် အဆင့်မြင့်အရာရှိများအနေဖြင့် မတူကွဲပြားမှုများကို စနစ်တကျ စုစည်းအသုံးချတတ်ရန်လိုအပ်သည်။ လူတစ်ဦးနှင့်တစ်ဦးသည် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုမတူညီကြပေ။ "လောကတွင် သုံး၍မရသော အရာမရှိပေ။ အသုံးမချတတ်၍သာဖြစ်သည်" ဆိုသည့်စကားကို လက်ကိုင်ထားကာ သူ့နေရာနှင့်သူ စနစ်တကျ လှပသေသပ်စွာတာဝန်ပေး အသုံးချတတ်ရန် လိုအပ်သည်။

### အသိပညာစုဆောင်းရာ

အဆင့်မြင့်အရာရှိများသည် လိုအပ်သည့်အခါ နိုင်ငံရပ်ခြားသို့ သွားရောက်၍ သံတမန်နည်းလမ်းအရ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ရတတ်သည်။ နိုင်ငံကိုယ်စားပြု စေ့စပ်ညှိနှိုင်း ဆွေးနွေးမှုပြုရာတွင် မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို ဦးတည်ရမည်ဟုဆိုသော်လည်း တစ်ဖက်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် ညှိနှိုင်းဆွေးနွေးမှုများ မဖြစ်စေရန်ကြိုးစားရမည်။ မိမိနှင့်ညှိနှိုင်းဆွေးနွေးရမည့် နိုင်ငံ၏ပကတိအခြေအနေတို့ကို သိထားရန်ကလည်း အရေးကြီးသည်။ ထိုကဲ့သို့ဖြစ်နိုင်စေရေး အသိပညာဗဟုသုတများ ပြည့်ဝနေရန်အတွက် စာပေဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာလိုက်စားတတ်ရန် လိုအပ်သည်။

စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်တွင် အပြောအဆိုချိုသာယဉ်ကျေးခြင်း၊ တစ်ဖက်သားကို လေးစားခြင်းနှင့် တစ်ဖက်လူ၏ ခံစားချက်ကို နားလည်လက်ခံနိုင်သည့် စွမ်းရည်တို့လည်းရှိရန် လိုအပ်သည်။ လက်အောက်ငယ်သားများကို စည်းရုံးဆွဲဆောင်၍ အဖွဲ့အစည်း၏ လိုရာပန်းတိုင်သို့ရောက်ရှိစေရေး ဆောင်ရွက်ပေးရသည့် အဆင့်မြင့်အရာရှိများအနေဖြင့် လက်အောက်ငယ်သားများအပေါ် မေတ္တာထားသော အပြုအမူ အပြောအဆိုများဖြင့် စည်းရုံးဆွေးနွေးနိုင်ရေးက အလွန်အရေးကြီးသည်။ အာဏာကိုအသုံးပြုကာ ခိုင်းစေတတ်သည့် မကောင်းသည့် အမူအကျင့်များ ပယ်ရှား၍ လက်အောက်ငယ်သားများ၏ လိုအပ်ချက်နှင့် ဌာန၏ ဦးတည်ချက်တို့အကြား ချိုမြိန်သော နှုတ်ထွက်စကားများဖြင့် စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း အမှုကိုပြုကာ ဦးဆောင်နိုင်မည်ဆိုပါက အလိုရှိရာပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

### ပညာရည်ပြည့်ဝစေရေး

ပညာရည်ပြည့်ဝသကဲ့သို့ နှလုံးရည်ပြည့်ဝသူအဖြစ် ရပ်တည်နိုင်ရေးအတွက် ပညာရပ်ပိုင်းဆိုင်ရာများကို စဉ်ဆက်မပြတ် လေ့လာလိုက်စားကြရမည်ဖြစ်သည်။ မြန်မာရာဇဝင်တွင် ဦးကျည်ပွေ့(ခေါ်) ရှင်ဒိသာပါမောက္ခသည် သက်တော် ၆ဝ ကျော်မှ စာပေကျမ်းဂန်များကို လေ့လာလိုက်စားခဲ့သည်။ စာပေကျမ်းဂန်များကို တစ်ဖက်ကမ်းခပ်တတ်မြောက်သွားသဖြင့် ပုဂံရာဇဝင်တွင် မြန်မာ့ပထမဦးဆုံးသော သံတမန်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ ပုဂံရာဇဝင်၊ နရသီဟပတေ့မင်းလက်ထက်တွင် တရုတ်တို့က ပုဂံပြည်ကြီးကို ရန်စကျူးကျော်မည့်အရေးကို တရုတ်ပြည်သို့သွားရောက်၍ တရုတ်ဘုရင်ကေရာဇ်နှင့် တွေ့ဆုံကာ သံတမန်နည်းလမ်းအရ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း ပြုလုပ်ခဲ့သည်။




နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)

ပညာဉာဏ်ပြည့်ဝသူဖြစ်သဖြင့် တစ်ဖက်သား၏ အလိုက်အထိုက်ကိုသိကာ မိမိတို့၏တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ခြင်းမပြုရန် တိုက်ရိုက်ပြောဆိုခြင်းမပြုဘဲ "ဆန်စပါးသည် တိုင်းပြည်၏ အခြေအမြစ်ဖြစ်သည်၊ စပါးမရှိက သူရဲသူခက်များ သံဃာတော်များသည် တည်တံ့စွာနေနိုင်မည်မဟုတ်ပါ၊ ဥယျာဉ်ဆိုသည်မှာ ရေသွန်းလောင်း၍ စိုက်ပျိုးရခြင်းဖြစ်သည်၊ အညွန့်အတက်မကြီးပွားမီ ဆိတ်ချိုးခြင်းမပြုရပါ၊ ယခုလည်း ပုဂံပြည်၌ ကောက်ပဲသီးနှံ စိုက်ပျိုးဦးမည်၊ ပြီးမှ သာသနာပြုစေလိုသည်" ဟု စည်းရုံးဆွဲဆောင်ကာ စေ့စပ်ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သဖြင့် ပုဂံပြည်ကြီး ပျက်စီးမည့်အရေးကို စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း နည်းလမ်းဖြင့် ကာကွယ်နိုင်ခဲ့သည်။ အဆင့်မြင့်အရာရှိများအနေဖြင့်လည်း နိုင်ငံတော်နှင့်ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သည့်အခါ စေ့စပ်ညှိနှိုင်းဆွေးနွေးသူများအဖြစ် ရပ်တည်ကြရမည်ဖြစ်ရာ ပညာဉာဏ်ပြည့်ဝ၍ နှလုံးရည်လှကြသူဖြစ်စေရေး သက်ဆိုင်ရာပညာရပ်များကို အပတ်တကုတ်လေ့လာလိုက်စားကြရန် တိုက်တွန်းလိုသည်။

### ထင်းစည်းကဲ့သို့ စည်းလုံးစို့

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံသည် ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနေထိုင်လာကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားလူမျိုးအချင်းချင်းကြား မတူကွဲပြားမှုများကို ဖယ်ချန်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ကြိုးစားဆောင်ရွက်နိုင်ခဲ့၍သာဖြစ်သည်။ ကိုယ်ကျိုးစီးပွားအလေးထားသည့်စိတ်များကိုဖယ်ရှား၍ မတူကွဲပြားမှုများကို စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဆိုသည့် နည်းလမ်းဖြင့် ပြည်ထောင်စုမပြိုကွဲရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ ထိုကဲ့သို့သော စည်းလုံးညီညွတ်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရမည်မှာ မိမိတို့ အဆင့်မြင့်အရာရှိများတွင်လည်း တာဝန်ရှိသည်။

တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်နေသည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင်သာမက အာရှဒေသတစ်ခုလုံးအတွက်ပါ အချက်အချာကျသည့် နေရာတွင်တည်ရှိနေပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်မည့် စွမ်းအားများကလည်း အဆင်သင့်ရှိနေသည်။ ထိုအခြေအနေကို မနာလိုဝန်တို ဖြစ်နေကြသည့် နိုင်ငံအချို့က တိုင်းရင်းသားအချင်းချင်းကြား စည်းလုံးညီညွတ်မှု ပျက်စီးအောင် အမျိုးမျိုးကြံဆောင်နေကြသည်။ တိုင်းရင်းသားအချင်းချင်းကြား ရှိရင်းစွဲဖြစ်သော စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ရှေ့ဆက်သွားကြရန်သာဖြစ်သည်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါပြီး ထိုလုပ်ငန်းစဉ်ကို စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့်သာ အကောင်အထည်ဖော်ရသည်။ ငြိမ်းချမ်းရေးလမ်းပေါ်တွင် အတူလျှောက်လှမ်းနိုင်ရေးအတွက် အဘက်ဘက်က စေ့စပ်ညှိနှိုင်းဆွေးနွေးရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် "တစ်နိုင်ငံလုံးထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း သဘောထားလုပ်ဆောင်နိုင်ရေး"ကို ချမှတ်ထားပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်လည်း "NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားရန်" ချမှတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းနည်းလမ်းဖြင့် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ"ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စနစ်တကျအသုံးပြု၍ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ရေးအတွက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ" တို့ကိုဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်နေသည်။

### ကိုယ်နဲ့မတူ ရန်သူမဟုတ်

အကြောင်းအမျိုးမျိုးကြောင့် ရပ်တည်မှုကွဲပြားကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစွမ်းအားကို လျော့နည်းသွားစေမည့်လုပ်ရပ်များကို လုပ်မိမည်ဆိုပါက မိမိနေအိမ်ကို မိမိကိုယ်တိုင် ဖျက်ဆီးနေခြင်းသာဖြစ်သည်။ မိသားစုထမင်းဝိုင်းပြင်ဆင်ရသည့်အခါတွင်

*စာမျက်နှာ ၂၁ သို့*

**လူတစ်ဦးနှင့်တစ်ဦးသည် အတွေးအခေါ်၊ သဘောထားအမြင်နှင့် ခံယူချက်များက ကွဲပြားခြားနားကြသည်။ ထိုကဲ့သို့သော မတူကွဲပြားမှုများရှိကြသည့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် ဌာနအဖွဲ့အစည်းများကို ဦးဆောင်ဦးရွက် ပြုကြရသည့် အဆင့်မြင့်အရာရှိများအနေဖြင့် မတူကွဲပြားမှုများကို စနစ်တကျ စုစည်းအသုံးချတတ်ရန် လိုအပ်သည်။ လူတစ်ဦးနှင့်တစ်ဦးသည် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုမတူညီကြပေ။ "လောကတွင် သုံး၍မရသော အရာမရှိပေ။ အသုံးမချတတ်၍သာဖြစ်သည်" ဆိုသည့်စကားကို လက်ကိုင်ထားကာ သူ့နေရာနှင့်သူ စနစ်တကျ လှပသေသပ်စွာတာဝန်ပေး အသုံးချတတ်ရန် လိုအပ်သည်**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက် ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေး မဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ် ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစု ဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ် အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမြှုပ်နှံခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့်မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

*စာမျက်နှာ ၂၀ မှ*

## သေချာစွာလေ့လာပါ

မိသားစုအတွင်း သူ့အကြိုက် ကိုယ့်အကြိုက်ကို ဧေ့စပ်ညှိနှိုင်းဆွေးနွေးကာ အများကြိုက်သည့် ဟင်းလျာများဖြင့် တည်ခင်းလိုက်မည်ဆိုပါက ပျော်ရွှင်သောမိသားစုဘဝကို ရရှိနိုင်မည်ဖြစ်သည်။ မည်သည့်လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ရသည်ဖြစ်စေ မိမိကျင်လည်ရာ အဖွဲ့အစည်းအတွင်းရှိ လူပုဂ္ဂိုလ်အချင်းချင်း ဧေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း လုပ်ငန်းစဉ်ဖြင့် ဘုံရည်မှန်းချက်များကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။

"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" ဆိုသည့် တို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်အလေးထားဆောင်ရွက်နေရသည့် အဆင့်မြင့်အရာရှိများအနေဖြင့် ဝန်ကြီးဌာနပေါင်းစုံမှ အရာရှိကြီးများ စုစည်းပေါင်းစုံနေသည့် "အဆင့်မြင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၈)" တွင် ဧေ့စပ်ညှိနှိုင်းဆွေးနွေးမှုများနှင့် စပ်လျဉ်းသည့် ပညာဗဟုသုတများကို ရလိုက်မည်မှာ မလွဲကေန် အမှန်ပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ရာထူးအဆင့်အလိုက် လေ့ကျင့်သင်ကြားပေးနေသည့် သင်တန်းများ၌ သင်ကြားပို့ချပေးသည့် ဘာသာရပ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်သည့် ပညာရပ်များသာဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရင်ခွင် ခေတ္တခိုဝင်ခွင့်ရကြသည့်အချိန်တွင် အားခွန်အပြည့်ဖြင့် လေ့လာကြရန်က မိမိတို့၏တာဝန်သာဖြစ်သည်။ အဆင့်မြင့်အရာရှိများ အနေဖြင့်လည်း တက္ကသိုလ်က သင်ကြားပို့ချပေးလိုက်သည့် ပညာရပ်များကို လက်တွေ့တွင် ကောင်းမွန်စွာအသုံးချ၍ ဝန်ကြီးဌာနအချင်းချင်းကြား ဧေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း စွမ်းအားဖြင့် နိုင်ငံတော်၏ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အဆင့်မြင့်အရာရှိကောင်းများ ဖြစ်လာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ တင်ပြလိုက်ရပါသည်။ ။

**ကိုးကား**

**နေ့စဉ်ထုတ်သတင်းစာများ။**

# ၂၀၂၄ ခုနှစ် ဇူလိုင်လ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော်  ဇူလိုင်  ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် (၅၃)ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၆၅)ဒီဂရီဖာရင်ဟိုက်မှ (၇၄)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၇၁ %)မှ (၈၀ %)အတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၈၁ %)မှ (၉၀ %)အတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၉၁ %) မှ (၁၀၀ %) အတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် (၁၀ မီလီမီတာ)မှ (၂၀ မီလီမီတာ)အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၂၁ မီလီမီတာ)မှ(၃၀မီလီမီတာ)အတွင်း၊နေပြည်တော်၊ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၃၁ မီလီမီတာ) မှ (၄၀ မီလီမီတာ) အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (၄၁ မီလီမီတာ) မှ (၅၀ မီလီမီတာ)အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီးရှိနိုင်သည်။ **မိုး/ဇလ**



## သာပေါင်းမြို့နယ်၌ ရေဘေးသင့် ပြည်သူများအား ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် ရိက္ခာပစ္စည်းများ ထောက်ပံ့

**သာပေါင်း  ဇူလိုင်  ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့မှ မြစ်ရေကြီး ရေဝင်ရောက်လာမှုကြောင့် ရေဘေးသင့်ပြည်သူများအား ဇူလိုင် ၂၁ ရက်က ယာယီရေဘေးရှောင် ကယ်ဆယ်ရေးစခန်းများ၌ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့်အဖွဲ့ဝင်တို့က ရေဘေးသင့်ပြည်သူများအား ရွှေ့ပြောင်းထားရှိရာ ယာယီရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများဖြစ်သည့် အမှတ်(၃)ရပ်ကွက် ဝိသုဒ္ဓါရာမ မြို့မဝင်းကျောင်းတွင် ရွှေ့ပြောင်းထားသည့်အိမ်ထောင်စုလေးစု၊ ဘုရားကုန်းကျေးရွာအုပ်စု ကျိန္တလီကျေးရွာ လူထုဗဟိုပြုခန်းမတွင် ရွှေ့ပြောင်းထားသည့် အိမ်ထောင်စုရှစ်စု ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ ဘုန်းကြီးကျောင်းတွင် ရွှေ့ပြောင်းထားသည့် အိမ်ထောင်စုလေးစုပေါင်း အိမ်ထောင်စု ၁၆ စုတို့အား မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့မှ အားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးကြကြောင်း သိရသည်။

**မျိုးဇော်သိန်း သာပေါင်း (ပြန်/ဆက်)**

# ဧရာဝတီနှင့် ချင်းတွင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော်  ဇူလိုင်  ၂၁**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် (၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် (၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၆၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့် (၂၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိမှုအခြေအနေ**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ကလေးဝမြို့တွင် ၅၀ ဒသမ ၃၉ ပေ (၁၅၃၆ စင်တီမီတာ) သို့ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၀ ဒသမ ၈၅ ပေ (၁၅၅၀ စင်တီမီတာ) အောက်သို့ ပေဝက်ခန့် (၁၄ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၄ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ **ငဝန်မြစ်ရေ**သည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ **တိုးမြစ်ရေ**သည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




**နေပြည်တော် ဇူလိုင် ၂၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာ ၁၉ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် GI Pipe ၄၀၁၀၀ ကီလိုဂရမ် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၉၄၇၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ ဘားအံမြို့မှ သထုံမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင်စားသုံးဆီ ၅ လီတာပါ ဘူး ၆၈၀၊ ပုဇွန်တစ်ကောင်စားသုံးဆီ ၁၈ လီတာပါ ပုံး ၁၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Canter နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၄၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၁၀၅ တန်၊ သစ်မာ ၅ ဒသမ ၆၃၃ တန်၊ အခြားသစ် ၀ ဒသမ ၄၃၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၀၈၄၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Honda Freed မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၄၀၈၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

